မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၂၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၃၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သမိုင်းအစဉ်အလာရှိသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး မဟာဗျူဟာမြောက်အဆင့်သို့ရောက်ရှိ မြန်မာနှင့် တရုတ်ဆက်ဆံရေးကို ဆတက်ထမ်းပိုး ဖြစ်ထွန်းသွားစေရေး ကြိုးပမ်းသွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

မြန်မာနှင့် တရုတ်နိုင်ငံတို့မှာ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ပြီး နိုင်ငံတကာနှင့် ဒေသတွင်း တူညီသည့်ကိစ္စရပ်များရှိ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ တရားမျှတသည့် အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းတို့ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းတို့သည် မေ ၂၇ ရက် ညနေ ၅ နာရီ ၂၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၌ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းနှင့်အတူ နိုင်ငံတော်ကောင်စီဝင် Mr.Dai Bengguo၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr.Yang Jiechi၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Chen Deming၊ လမ်းပန်းဆက်သွယ်ရေးနှင့်ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဖုန်းကျိန့်လင်၊ မီးရထားလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဘုန်းခိုင်ကျိုး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်မှု

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် အဆွေတော်သမ္မတကြီး၏ ယခုခရီးစဉ်မှာ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် တရုတ်နိုင်ငံသို့ ပထမဦးဆုံးလာရောက်ခြင်းဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတအဖြစ် နှစ်ဦးနှစ်ဖက် တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ အဆွေတော်၏ ခရီးစဉ်သည် ၂၁ ရာစုတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေး တိုးမြှင့်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍ ဖွင့်လှစ်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပဏာမပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❖

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မေ ၂၉ ရက်)

မြန်မာနှင့်တရုတ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ဆတက်ထမ်းပိုး ပိုမိုတိုးတက်ဖြစ်ထွန်းလာမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ရာ မေလ ၂၇ ရက် ညနေ ၅ နာရီ ၂၅ မိနစ်တွင် ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းတို့သည် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များနှင့်ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးကြရာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းက ''မြန်မာနှင့်တရုတ်နိုင်ငံတို့မှာ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ကြပြီး နိုင်ငံတကာနှင့် ဒေသတွင်း တူညီသည့်ကိစ္စရပ်များရှိပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ တရားမျှတသည့် အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပါကြောင်း'' ဆွေးနွေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံခဲ့သည်မှာ နှစ်ပေါင်း (၆၀)ကျော် ကြာမြင့်ခဲ့ပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်နှင့်အညီ ဆက်ဆံလျက်ရှိသည်။ သမိုင်းအစဉ်အလာရှိသည့် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးဖြစ်ထွန်းခဲ့ပြီး မဟာဗျူဟာမြောက် ဆက်ဆံရေး အဆင့်သို့ ရောက်ရှိပြီးဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ''မိမိတို့နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဖြစ် သတ်မှတ်နိုင်ခြင်းသည် တရုတ်နှင့် အခြားနိုင်ငံများ အကြား ဆက်ဆံရေးတွင် အဆင့်အမြင့်ဆုံးဆက်ဆံရေးဖြစ်သည့်အပြင် မြန်မာ-တရုတ် ဆက်ဆံရေး သမိုင်းကြောင်းတွင်လည်း သမိုင်းမျက်နှာအသစ်အဖြစ် မှတ်ယူနိုင်ပါကြောင်း''ဖြင့် ဆွေးနွေးပွဲတွင် ထည့်သွင်း ဆွေးနွေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှုနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံနီးပါးရှိခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေး နှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၆ ဘီလီယံအထိ တိုးတက်ရောက်ရှိလာမည် ဟု မျှော်မှန်းထားသည်။

ထို့ပြင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၌ စုစုပေါင်း စီမံကိန်း ၇၂ ခုတွင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈ ဘီလီယံ ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ချစ်ကြည်ရေးခရီးသည် အနာဂတ်ကာလတွင် မြန်မာနိုင်ငံ နှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများ ဆတက်ထမ်းပိုး ပိုမိုတိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် မေ ၂၈

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် မေ ၂၆ ရက် နံနက် ၈ နာရီ ၁၀ မိနစ်က ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ စက်ရုံ/အလုပ်ရုံများ၊ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအခမ်းအနား(ပထမနေ့)သို့ တက်ရောက်အမှာစကားပြောကြားပြီး မေ ၂၇ ရက် နံနက်ပိုင်းက ဆက်လက်ကျင်းပသည့် အစည်းအဝေးဒုတိယနေ့၌ ဌာနဆိုင်ရာများ၏ တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အားကစားဖောင်ပိတ်သတင်း

ဘာစီလိုနာတို့ ချန်ပီယံလိဂ်ဖလား ကိုင်မြှောက်အောင်ပွဲခံ မန်ယူတို့ ဝင်ဘလေကွင်း၌ အရှုံးဖြင့် ကြုံတွေ့ခဲ့ရ

မောင်မောင်မြင့်ဆွေ-ရေးသားသည်

ဘာစီလိုနာဘောလုံးသမားများ ချန်ပီယံလိဂ်ဖလားကို ဤသို့ ကိုင်မြှောက်အောင်ပွဲခံခဲ့ကြသည်။ (အင်တာနက် ဓာတ်ပုံ)

လန်ဒန် မေ ၂၉

ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ဝင်ဘလေကွင်း၌ မေ ၂၉ ရက် နံနက်က မန်ယူနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာတို့က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးချန်ပီယံလိဂ်ဖလားကိုကိုင်မြှောက်အောင်ပွဲခံခဲ့ကြပြီဖြစ်သည်။

ပွဲအစ၌ နှစ်သင်းစလုံး ထိန်းကစားနေသော်လည်း ဘာစီလိုနာတို့က ဘောလုံးပိုင်ဆိုင်မှုများများ၊ အပေးအယူ အချိတ်အဆက်မိမိဖြင့် ကစားကွက် အသာစီးမှ ထိန်းချုပ်ကစားနိုင်ခဲ့သည်။ မန်ယူတို့က ဘာစီလိုနာမှ ဒေးဗစ်ဗီလာ၊ မက်ဆီ၊ ဇာဗီ၊ ပီထရီတိုတို့၏ တိုက်စစ်တွဲများဖြင့် ထိုးဖောက်မှုကို ကြိုးစားဟန့်တားနေခဲ့ရသည်။

ပွဲချိန် ၂၇ မိနစ်၌ ဘာစီလိုနာမှ ပီထရီတိုက မန်ယူဂိုးဧရိယာအတွင်းမှ အနီးကပ်ကန်သွင်းယူခဲ့ရာ မန်ယူဂိုးသမား ဗန်ဒါဆား လှုပ်ရှားချိန်မရဘဲ ဂိုးပေးလိုက်ရသည်။ မန်ယူတို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ဘာစီလိုနာ နောက်တန်းကို ထိထိရောက်ရောက် မထိုးဖောက်နိုင်ခဲ့ချေ။

သို့သော် ပွဲချိန် ၃၄ မိနစ်၌ မန်ယူ တိုက်စစ်မှူး ရွန်နေက ဘာစီလိုနာ ဂိုးဧရိယာအတွင်းမှ ညာခြေဖြင့် အပိုင်ကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ ချေပဂိုး ရရှိခဲ့သည်။

မကာကွယ်နိုင်

ဒုတိယပိုင်း ပွဲချိန်တွင်လည်း ဘာစီလိုနာတို့က ကစားကွက် အသာစီးဖြင့် မန်ယူဂိုးပေါက်ကို အကြိမ်ကြိမ်ခြိမ်းခြောက်နိုင်ခဲ့သည်။ ဘာစီလိုနာမှ ဇာဗီ၊ မက်ဆီ၊ အင်နီယေစတာတို့၏ ကန်သွင်းချက်များကို မန်ယူဂိုးသမား ကာကွယ်နိုင်ခဲ့၍သာ ဂိုးမပေးခဲ့ရခြင်းဖြစ်သည်။ သို့သော် ပွဲချိန် ၅၄ မိနစ်၌ မန်ယူဂိုးဧရိယာ အပြင်ဘက်အစပ်မှနေ၍ မက်ဆီက ဘယ်ခြေဖြင့် အမှတ်မထင် ကန်သွင်းခဲ့ရာမှ ဗန်ဒါဆား မကာကွယ်နိုင်ဘဲ ဂိုးပေးခဲ့ရသည်။

ထို့နောက် ဘာစီလိုနာတို့ ဆက်တိုက်ဖိကစားခဲ့ရာ မန်ယူတို့ ဘာစီလိုနာ တိုက်စစ်ကိုသာ ဟန့်တားနေခဲ့ရသည်။ အထူးသဖြင့်မက်ဆီ၏ ထိုးဖောက် ဖြတ်ကျော်မှုများ၊ ဂိုးသွင်းခွင့်ရရန် ဖန်တီးပေးမှုများကို မန်ယူခံစစ်မှူးများ မထိန်းနိုင်အောင်ဖြစ်ခဲ့သည်။ ပွဲချိန် ၆၉ မိနစ်၌ မန်ယူ ဂိုးဧရိယာအတွင်း မက်ဆီချပေးလိုက်သည့် ဘောလုံးကို ဒေးဗစ်ဗီလာက ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့ပြန်ရာ ဘာစီလိုနာတို့ သုံးဂိုး ရရှိခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ မန်ယူတို့ ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် ဘာစီလိုနာတို့ သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရပြီး ချန်ပီယံလိဂ်ဖလားကို ကိုင်မြှောက် အောင်ပွဲခံနိုင်ခဲ့ခြင်း ဖြစ်သည်။

မန်ယူတို့ ဝင်ဘလေကွင်း၌ ရှုံးပွဲကြုံပြီး မန်ယူပရိသတ်များ မျက်ရည်မိုးစွေခဲ့ရသည်။ ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ် ဆုဖလားနှင့်အတူ ဆုကြေးငွေ ယူရို ၁၂၆ သန်း (အမေရိကန်ဒေါ်လာ ၁၇၈ သန်း) ရရှိသွားခဲ့ပြီဖြစ်သည်။ ။ ***(အင်တာနက်)***

ဘာစီလိုနာ တိုက်စစ်မှူး ဒေးဗစ်ဗီလာ(ယာ) မန်ယူဘက်သို့ ဂိုးသွင်းနေစဉ်။ (အင်တာနက် ဓာတ်ပုံ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းက ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းက ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို မေ ၂၇ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၏ မြောက်ဘက်ခန်းမကြီး၌ ကျင်းပသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား တက်ရောက်ရန် ပြည်သူ့ခန်းမဆောင်ကြီးသို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ပြန်လည်မိတ်ဆက်

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းက ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းအား မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

အလေးပြုခြင်းခံယူ

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

တီးမှုတ်

ထိုအချိန်တွင် နိုင်ငံတော် တီးဝိုင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားသီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

စစ်ဆေး

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ

စာမျက်နှာ ၄ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်တို့နှင့်အတူ လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးနှင့် စစ်သံမှူး ဗိုလ်မှူးကြီး တင့်ဝေတို့ တက်ရောက်ကြသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ Mr. Zhou Tzehong၊ နိုင်ငံတော်ကောင်စီဝင် Mr. Dai Bengguo၊ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်ဒုတိယဥက္ကဋ္ဌ Mr. Bai Lizhen၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Yang Jiechi၊ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး Mr. Chen Deming၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။**(သတင်းစဉ်)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်း မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်နှင့်တွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏(၁၁)ကြိမ်မြောက်အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်တို့ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင်နှင့် မေ ၂၇ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်၌ တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့နှင့်အတူ လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးနှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr.Yang Jiechi၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ၊ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့် ဒုတိယအတွင်းရေးမှူးချုပ် Mr.Wang Sheng Hong၊ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့် သုတေသနဌာနညွှန်ကြားရေးမှူး Mr.Liu Jia Yi၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် Mr.Luo Zhao Hui နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

ယင်းသို့တွေ့ဆုံရာ၌ နှစ်ဖက်ခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ရှိမှုနှင့် ဦးဆောင်မှုများကြောင့် နှစ်နိုင်ငံဆက်ဆံရေး အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလာမှုအခြေအနေ၊ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးအမြင်ချင်းဖလှယ်ကြသည်။ **(သတင်းစဉ်)**

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၄)၊ အမှတ်(၆) ထုတ်ဝေဖြန့်ချီ

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၄)၊ အမှတ်(၆)ကို မေ ၂၈ ရက်တွင် ထုတ်ဝေဖြန့်ချီလိုက်သည်။

ရန်ကုန်ခရီးသွား ဂျာနယ်ကို ရန်ကုန်မြို့စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ ရရှိနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ်(၄၇၄) သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၃၈၁၈၅၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

29-5 (04).pmd 1 5/29/2011, 5:04 AM

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်နှင့်တွေ့ဆုံ

နေပြည်တော် မေ ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်နှင့် မေ ၂၇ ရက် ညနေ ၄ နာရီတွင် ပေကျင်းမြို့ရှိ ဝန်ကြီးချုပ်ရုံး ကျုံးနန်းဟိုင်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးနှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Mr. Yang Jiechi၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Chen Deming၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး Mr. Liu Tienan၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံဆွေးနွေးရာ၌ နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အပြန်အလှန်သွားရောက်ခဲ့ကြသည့် ချစ်ကြည်ရေးခရီးစဉ်များမှတစ်ဆင့် နှစ်နိုင်ငံအကြားစီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းစေခဲ့မှု အခြေအနေ၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးသည် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများအဆင့်သို့ တက်လှမ်းရောက်ရှိကြောင်း ပူးတွဲကြေညာချက်ထုတ်ပြန်နိုင်မည့် အခြေအနေ၊ ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တစ်ရှိန်ထိုးတိုးတက်လာခဲ့ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသွယ်တန်းရေး၊ ရေအားလျှပ်စစ်၊ သတ္တု၊ စွမ်းအင်၊ စက်မှု၊ စိုက်ပျိုးရေး၊ ရွှေလီ-မူဆယ်-လားရှိုး-ကျောက်ဖြူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကြီးများ တိုးတက်ဖြစ်ထွန်းလာမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ရေမြေသယံဇာတနှင့် တရုတ်နိုင်ငံမှ နည်းပညာများပေါင်းစပ်ကာ သီးနှံစိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားနိုင်မည့် အခြေအနေ၊ မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်နှင့် အာဆီယံထိပ်သီးအစည်းအဝေးများ အောင်မြင်စွာလက်ခံကျင်းပနိုင်ရေးအတွက် အတွေ့အကြုံများစွာရှိပြီးဖြစ်သည့် တရုတ်နိုင်ငံက ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လုံခြုံမှုအပြည့်အဝရရှိစေရေး ပူးပေါင်းဆောင်ရွက်မည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးအမြင်ချင်းဖလှယ်ကြသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်တို့ ပေကျင်းမြို့ရှိ ဝန်ကြီးချုပ်ရုံး ကျုံးနန်းဟိုင် ဧည့်ခန်းမ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၅-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **သဒ္ဓမ္မပတိရူပက တရားတော်** သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ
- ၆:၃၅ ထင်ရှားတည်ရှိ မြင်းမထိ
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၈)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇၆)
- ၈:၄၅ Activities in the City [(၉)ကြိမ်မြောက် ICCA 2011 အခမ်းအနား]
- ၉:၀၀ မြန်မာအိန္ဒိယဆေးပညာ နှီးနှောဖလှယ်ပွဲ
- ၉:၁၀ ဖွံ့ဖြိုးသာယာ ကောလင်းမြေမှာ
- ၉:၃၅ Sunday Talk ဦးရဲမြင့် (Solor Hut)၊ မျိုးမြတ်သူ
- ၁၀:၁၀ အဆင့်မြင့်မြင့်သုံးဖို့ရာ Sweety Life Furniture
- ၁၀:၂၀ နယဉ်ဆန်းထွင်ပန်းအလှဆင် (ပန်းပွင့်များရဲ့ ဖန်တီးရှင်) (ပန်းဒေါင်းပြုလုပ်နည်း)
- ၁၀:၄၅ ဗီဒီယိုပြခန်း
- ၁၁:၁၀ ဈေးဝယ်လမ်းညွှန် (AUX Air Conditioner)
- ၁၁:၃၅ Sports Diary
- ၁၂:၀၀ အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာစကားဝိုင်း ဒေါက်တာခင်သိန်းဦး၊ တင်မိုးလွင်၊ မေသန်းနု၊ ခိုင်သင်းကြည်၊ မေသူ
- ၁၂:၃၅ ဖြည့်စွက်အလှူ…ကုသိုလ်ယူ မြွေအံတော်စေတီမှမြတ်သော အလှူ
- ၁:၀၀ **သဒ္ဓမ္မပတိရူပက တရားတော်** သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ
- ၁:၄၅ မုဒုံမြို့၏သာသနာ့ဂုဏ်ရည်… ကန်တော်ဦးမှမြတ်စေတီ
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း **အတင်းပြောတာကောင်းတယ်၊ အတင်းမပြောတာကောင်းတယ်၊**
- ၃:၃၅ ဆံသားကျန်းမာရေးကိုသဘာဝ ကျကျထိန်းသိမ်းတတ်စေဖို့
- ၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇၆)
- ၅:၀၀ စာပန်းအိမ်၏သမိုင်းသစ်
- ၅:၃၀ ဂဏန်းသင်္ချာပျော်စရာ
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Global Panorama ကိုကိုလှိုင်၊ မျိုးမြတ်သူ
- ၆:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၉)
- ၇:၂၅ သွားမယ်စားမယ် (ရွှေလိပ်ပြာ)
- ၇:၄၅ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Kid's Show
- ၉:၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၃၅)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇၇)
- ၁၀:၂၀ ချန်ပီယံလိဂ်ရင်ခုန်သံ
- ၁၀:၅၀ **ဖွားချို** **စံရှားတင်၊ ဝါးခယ်မရဲမောင်** ဒါရိုက်တာ-ခင်ဇော်(ကေသီပန်)
- ၁၁:၀၅ ဟိုတယ်လမ်းညွှန် (ပုဂံသီရိပစ္စယာဆာကူရာဟိုတယ်)
- ၁၀:၄၀ မြန်မာတူရိယာစည်တော်ကြီး
- ၁၁:၅၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (ဟာသသရုပ်ဆောင်ဦးဂျော်လီဆွေသို့ အမှတ်တရမှတ်တမ်း) (အပိုင်း -၂)
- ၁၂:၂၅ ရွှေဖြစ်မည့် ရတနာအစစ်…
- ၁၂:၃၅ စွဲမက်ဖွယ်ရာရတနာ (စိန်ကျောက်အလားဥဿဖရား) (အပိုင်း -၂)
- ၁:၀၀ အဖိုးတန်သောသဘာဝ သယံဇာတမြေပဟူးကောင်း
- ၁:၁၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (JUEJUE)
- ၁:၃၅ ဆင်စွယ်ပန်းပုအခြေပြု လှူလောကကိုအလှဆင်မည်
- ၂:၀၀ အလှဆင်စရာပရိဘောဂကမ္ဘာ (မြန်နန်းပုံပရိဘောဂ)
- ၂:၁၀ လှပသစ်ဆန်းအလှပြင်ခန်း (Expression)
- ၂:၃၀ Singapore Sunday
- ၂:၅၀ အထင်
- ၃:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄:၁၀ ငြိမ့်ညောင်းသာယာတယောပညာ (တယောဦးတင်ရီ)
- ၄:၃၀ ပြင်ဦးလွင်သို့ အလည်တစ်ခေါက်
- ၄:၄၀ ပုခန်းကြီးရှေးဟောင်း ကျောင်းတော်ကြီး
- ၄:၅၀ တောင်းဆုအမှန်ပြည့်မည်ဇေကန် (ကျိုက်ထိုမဟာမုနိသွန်းဘုရား)
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တရုတ်-မြန်မာ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်နိုင်ငံများအဖြစ် ထူထောင်ရန် သဘောတူညီ

နေပြည်တော် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ မေ ၂၆ ရက်မှ ၂၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

အဆိုပါ ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများထူထောင်ရေးနှင့်စပ်လျဉ်းသည့် ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။ ပူးတွဲကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများ ထူထောင်ခြင်းနှင့်စပ်လျဉ်းသည့် ပူးတွဲကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၂၀၁၁ ခုနှစ် မေလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါသည်။

ခရီးစဉ်အတွင်း သမ္မတ ဟူကျင်ထောင်းနှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် အမျိုးသား ကော်မတီ ဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ထိုသို့ တွေ့ဆုံစဉ် နှစ်ဖက်မှ နှစ်နိုင်ငံဆက်ဆံရေး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ကိစ္စရပ်နှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာဖြင့် အသေးစိတ် ဆွေးနွေး အမြင်ချင်း ဖလှယ်ခဲ့ကြပါသည်။

တရုတ်-မြန်မာ နှစ်နိုင်ငံသံတမန်ဆက်ဆံမှု စတင်တည်ထောင်ခဲ့သည့် ၁၉၅၀ခုနှစ် ဇွန်လ ၈ ရက်နေ့မှစတင်၍ နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းပီသစွာ ပူးပေါင်းဆောင်ရွက်ခဲ့ရာ တရုတ်-မြန်မာဆက်ဆံရေး တိုးတက်ကောင်းမွန်လာသည်ကို နှစ်ဖက်စလုံးမှ သဘောတူကြသည်။ အထူးသဖြင့် ရာစုနှစ်သစ် အစပိုင်းမှ စတင်ကာ နှစ်နိုင်ငံအကြီးအကဲတို့မှ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လာပြီး နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့်နည်းပညာ အစရှိသည့် နယ်ပယ်များ၌ ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်မှုကြောင့် ကျယ်ပြန့်စွာ တိုးတက်လျက်ရှိသည့်အပြင် နှစ်နိုင်ငံပြည်သူများအကြား ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးမှာလည်း အင်တိုက်အားတိုက် တိုးပွားလျက်ရှိပါသည်။ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ဖြစ်ထွန်းမှုနှင့်ပတ်သက်၍လည်း နှစ်ဖက်စလုံးမှ အားရကျေနပ်ကြပါသည်။

နှစ်ဖက်မှ စတင်ပူးတွဲ အကောင်အထည်ဖော်ခဲ့ကြသော ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်အပေါ် အခြေခံသည့် တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် အပြည်ပြည်ဆိုင်ရာ အခြေအနေ ပြောင်းလဲမှုများနှင့် သက်ဆိုင်ရာ ပြည်တွင်းအခြေအနေများအပေါ် ကြံ့ကြံ့ခံ ရပ်တည်ပေးနိုင်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများ ရရှိစေရေးအတွက် ဆောင်ကြဉ်းပေးနိုင်ခဲ့သည်ကို နှစ်ဖက်မှ အလေးပေးပြောဆိုခဲ့ပါသည်။

ယနေ့ ကမ္ဘာပေါ်တွင် ကြီးမားသော ဖြစ်ပေါ်တိုးတက်မှုများ၊ ကြီးမားသော အပြောင်းအလဲများနှင့် ထိန်းညှိမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အင်အားအပြိုင်အဆိုင် ပေါ်ထွန်းလာမှုနှင့် စီးပွားရေးတွင် ကမ္ဘာ့အဝန်း ဆက်နွှယ်ဖြစ်ပေါ်မှုဖြစ်စဉ်တို့ အရှိန်အဟုန်ရရှိနေပြီဖြစ်ကြောင်းကို နှစ်ဖက်စလုံးက သဘောတူညီကြသည်။ နိုင်ငံများမှာ ပို၍ အပြန်အလှန် အမှီသဟဲပြုလာကြပါသည်။ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့သည် ယနေ့ခေတ်ကာလ၏ဖြစ်စဉ်ကို ကိုယ်စားပြုသည်သာမက ဒေသတွင်းနိုင်ငံများနှင့် ပြည်သူများ၏ ဘုံအကျိုးစီးပွားကိုလည်း ဖော်ဆောင်ပေးလျက်ရှိနေပါသည်။ ဤကဲ့သို့သော ပတ်ဝန်းကျင်အသစ်တွင် မြန်မာ-တရုတ် ဆက်ဆံရေးအား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံ၍ ပိုမိုမြှင့်တင်ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံ အတူတကွ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် နှစ်နိုင်ငံနှင့် ပြည်သူများ၏ အခြေခံအကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ အထက်ဖော်ပြပါ တူညီသော နိုင်ငံရေးဆန္ဒသဘောထားများအပေါ် အခြေခံ၍ တရုတ်-မြန်မာ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်နိုင်ငံများအဖြစ် ထူထောင်သွားကြရန် နှစ်ဦးနှစ်ဖက် သဘောတူညီကြလျက် အောက်ပါအတိုင်း သဘောတူညီမှုရရှိခဲ့ကြပါသည်-

(က) နှစ်ဖက်စလုံးက နှစ်နိုင်ငံလွှတ်တော်များ၊ အစိုးရများ၊ တရားရေးဌာနများနှင့် နိုင်ငံရေးပါတီများအကြား အဆင့်မြင့် ထိတွေ့ဆက်ဆံမှုကို ထိန်းသိမ်းရန်၊ မဟာဗျူဟာမြောက် အပြန်အလှန်ယုံကြည်မှုကို ဆက်လက်မြှင့်တင်ရန်နှင့် ခင်မင်ရင်းနှီးစွာ အပြန်အလှန်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားရန်၊

(ခ) နှစ်ဖက် နိုင်ငံခြားရေးဝန်ကြီးဌာနအချင်းချင်း အချိန်အခါမရွေး ဆွေးနွေးမှုကို ဆက်လက်ဆောင်ရွက်သွားပြီး နှစ်နိုင်ငံ ဆက်ဆံရေးနှင့် နိုင်ငံတကာနှင့် ဒေသတွင်းအရေးကြီး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အချိန်နှင့်တစ်ပြေးညီ အမြင်ချင်းဖလှယ်သွားကြရန် အလို့ငှာ နှစ်နိုင်ငံချင်းဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ ကဏ္ဍဖြင့်ဖြစ်စေ ပုံမှန်အစည်းအဝေးများ ကျင်းပသွားရန်၊

(ဂ) နှစ်ဖက်စလုံးက တန်းတူညီမျှရေး၊ နှစ်ဖက်အကျိုးဖြစ်ထွန်းရေး အခြေခံမူများကို လိုက်နာကျင့်သုံးရန်၊ တစ်ဦး၏ အားသာချက်ကို တစ်ဦးကအသုံးချ၍ လက်တွေ့ရလဒ် ဖြစ်ထွန်းရေးကို ဦးစားပေးရန်၊ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုပမာဏနှင့် အဆင့်ကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားရန်၊ ခိုင်မာတည်ငြိမ်ပြီး ရေရှည်တည်တံ့သော စီးပွားဆက်ဆံရေးကိုတည်ဆောက်သွားရန်၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်သွားရေးအတွက် ပတ်ဝန်းကျင်ကောင်းဖန်တီးနိုင်ရေး လက်တွဲကြိုးပမ်း ဆောင်ရွက်သွားရန်၊ နှစ်နိုင်ငံ၏ စီးပွားရေးနှင့် ကုန်သွယ်ရေးမူဝါဒများနှင့်အညီ နှစ်နိုင်ငံအကြား ပိုမိုနီးစပ်သော စီးပွားရေးနှင့် ကုန်သွယ်ရေး ဖလှယ်မှုများ ပိုမိုတိုးမြှင့် ဖြစ်ထွန်းရေးအတွက် ဆောင်ရွက်သွားရန်၊

(ဃ) နှစ်ဖက် အကျိုးဖြစ်ထွန်းရေးကို အခြေခံ၍ ပညာရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့်နည်းပညာ၊ ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်းနယ်ပယ်များတွင် ခင်မင်ရင်းနှီးစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်၊ ပြည်သူအချင်းချင်းနှင့် ယဉ်ကျေးမှု ဖလှယ်ရေးနှင့် အပြန်အလှန်လည်ပတ်ရေးကို တိုးမြှင့်သွားရန်နှင့် နှစ်ဖက်ပြည်သူများအကြား အပြန်အလှန် နားလည်မှုနှင့် ချစ်ကြည်ရေးကို မြှင့်တင်သွားရန်၊

(င) နယ်စပ်စီမံခန့်ခွဲမှု ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုခိုင်မာအောင် ဆောင်ရွက်ရန်၊ နယ်စပ်စီမံခန့်ခွဲရေးကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကြောင်းကြားရန်နှင့် နယ်စပ်ဒေသများတွင် အေးချမ်းတည်ငြိမ်မှု ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊

(စ) တရုတ်ဘက်က မြန်မာနိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာနှင့် နယ်မြေတည်တံ့ခိုင်မာရေးကို လေးစားကြောင်းနှင့် မြန်မာနိုင်ငံက ၎င်း၏ အမျိုးသားရေးလိုအပ်ချက်များနှင့် လိုက်လျောညီထွေမှုရှိသည့် ဖွံ့ဖြိုးမှုလမ်းကြောင်းရွေးချယ်မှုအား ထောက်ခံကြောင်းကို ထပ်လောင်းအတည်ပြုပါသည်။ မြန်မာဘက်က တရုတ်တစ်နိုင်ငံတည်း မူဝါဒကို ကျင့်သုံးကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရသည် တရုတ်တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် တစ်ခုတည်းသော တရားဝင်အစိုးရဖြစ်ကြောင်းနှင့် ထိုင်ဝမ်သည် တရုတ်နယ်မြေ၏ ခွဲခြား၍မရသော အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ရေလက်ကြား နှစ်ဖက်ဆက်ဆံရေး၊ ငြိမ်းချမ်းစွာ တိုးတက်ရေးနှင့် တရုတ်နိုင်ငံ၏ ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေးကို ဆက်လက်ထောက်ခံသွားမည် ဖြစ်ပါသည်။

(ဆ) ကုလသမဂ္ဂနှင့် အခြားအပြည်ပြည်ဆိုင်ရာ နယ်ပယ်များတွင် ပူးပေါင်းညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏အကျိုးကို လက်တွဲ၍ ကာကွယ်စောင့်ရှောက်သွားရန်၊ အာဆီယံ+တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ အာဆီယံ+တရုတ်နှင့် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး စသည့် ယန္တရားများကို ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားရန်နှင့် ဒေသတွင်း အတူတကွ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးအတွက် နှစ်ဖက်စလုံးက ဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

ပေကျင်းမြို့၊ ၂၀၁၁ ခုနှစ် မေလ ၂၇ ရက်။

တရုတ်-မြန်မာ ဆွေသဟာ ချစ်ကြည်ရေး

* နှစ်နိုင်ငံ ခေါင်းဆောင်များ
နှုတ်ဖျားကမဆို
ရင်တွင်းကို အစစ်တည်
ချစ်ကြည်တဲ့စကား၊ လေးစားကြပြန်အလှန်
ဟန်ပန်မှာ ပကတိ၊ ငြိမ်းချမ်းပါဘိ…။

* နှစ်ပြည်ထောင် ညီနောင်များ
ဟန်မာန်များ ကင်းစင်
စိတ်ကြည်လင် အချင်းချင်း
ရိုင်းပင်းညီ ချစ်ကြည်ရေး
အလေးထားပါဘိ…။

* တစ်အူထုံ့ဆင်း၊ ညီရင်းတွေနှယ်
မြစ်ဖျားကရေ၊ မြစ်ညာရေနှယ်
စိတ်အခြေ တကယ်တူညီ
နှစ်ပြည်ထောင်အရေး၊ အလေးတမူ
အတွေးတူ ခိုင်မာစွာဖြင့်
“မဟာဗျူဟာ ဆွေသဟာဆက်ဆံရေး”ကို
အလေးထား ကမ္ဘာသိအောင်
ကြေညာခဲ့ပါ၏။

* လေးစားချစ်ကြည်၊ အရင်းတည်၍
စိတ်ထားတူညီ၊ ကျွန်းကိုင်းမှီ၍
ကမ္ဘာ့အရှည်၊ ခိုင်မြဲတည်မည့်
ချစ်ကြည်ရေး သမိုင်းပါတကား…။ ။

မောင်ချစ်အေး ခေတ္တ-ပေကျင်း

* *ကျောဖုံးမှ*

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Wang Zong Ying နှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါလာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ အကြီးအကဲများ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၉-၅-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
၁၁:၀၅ ၄။ အဖွင့်သီချင်း
၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၂၀ ၆။ ကာတွန်းအစီအစဉ် ဘော့စ်ဘောကြယ်ပွင့်များ (အပိုင်း-၈)
၁၁:၄၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျောက်တုံးလေး**
၁၂:၃၀ ၈။ ကျန်းမာသုတ
၁၂:၄၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၇၁)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၀ ၇။ လျှပ်တစ်ပြက်
၄:၃၀ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄:၄၀ ၉။ မြန်မာ့ရှုခင်း
၄:၅၀ ၁၀။ အချိန်မှန်မှန်ခေါင်းလောင်းသံ
၅:၁၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၅ ၁၂။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၅။ ဘဝကြေးမုံ **အသံထွက်ဇာတ်လမ်း** (ဇာတ်သိမ်းပိုင်း) ထွန်းလွင်အောင်၊ ကေကေမိုးမြင့်နှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-ဆဲဗင်း (IC)]
၆:၅၀ ၁၆။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း-၁၃)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ ပဟေဠိနန်းတော်
၂၃။ ကျန်းမာသုတ
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၁၈)
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၅၇)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် အဖွဲ့ဝင်များ လိုက်ပါလျက် မေ ၂၆ ရက် နံနက် ၁၀ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ထွက်ခွာကြသည်။

ပေကျင်းမြို့လေဆိပ်ရောက်ရှိ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ Capital လေဆိပ်သို့ ရောက်ရှိသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Xie Bohua တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ဂါရဝပြုကြိုဆို

ထို့နောက် လေယာဉ်လှေကားထိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Hu Zhengyue နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာတို့က ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်ကလေးငယ်တစ်ဦးနှင့် မြန်မာကလေးငယ်တစ်ဦးတို့က ဂုဏ်ပြုပန်းစည်းကို ဂါရဝပြုပေးအပ်ကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦး၏ ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် ဇနီး၊ မြန်မာသံရုံး၊ စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြု ကြိုဆိုကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ပေကျင်းမြို့ Capital လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

❖ *ရှေ့ဖုံးမှ*

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆွေးနွေးပြောကြားရာတွင် မိမိဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့သို့ရောက်ရှိစဉ် နွေးထွေးစွာကြိုဆိုခဲ့ပြီး ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိ၏ ယခုခရီးစဉ်၏ အဓိကရည်ရွယ်ချက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ဖွဲ့စည်းပေါ်ပေါက်လာပြီးနောက်ပိုင်း နှစ်နိုင်ငံအကြားတည်ရှိခဲ့ပြီးဖြစ်သည့် အပြန်အလှန် နားလည်မှု၊ ခင်မင်ရင်းနှီးသည့် အိမ်နီးချင်းဆက်ဆံရေးနှင့် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းမှုများ အရှိန်အဟုန်ဆက်လက်မြှင့်တင်သွားရေးအတွက် ဖြစ်ပါကြောင်း။

အကျိုးရလဒ်ကောင်းများ

ယနေ့ ကျင်းပသည့် နှစ်နိုင်ငံဆွေးနွေးပွဲသည် အိမ်နီးချင်း ဆွေမျိုးပေါက်ဖော်ညီအစ်ကိုဆက်ဆံရေးနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုတို့ အပေါ်တွင်အခြေခံကာ နှစ်နိုင်ငံအကြား ဆက်ဆံရေးသမိုင်းတွင် မှတ်တမ်းတင်ရမည့် ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းရေးအတွက် ဆွေးနွေးမည်ဖြစ်သည့်အတွက် အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာပြီး အောင်မြင်သည့် ဆွေးနွေးပွဲဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံသည် သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့စဉ်မှစပြီး နှစ်ပေါင်း (၆၀)ကျော်အတွင်း နှစ်နိုင်ငံအကြားတွင် တန်းတူညီတူရှိမှု၊ စာနာထောက်ထားမှု၊ နားလည်မှုများနှင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ခဲ့ကြပါကြောင်း။

အပြန်အလှန်

နှစ်နိုင်ငံဆက်ဆံရေးတွင် ထူးခြားသည့် ဝိသေသလက္ခဏာတစ်ခုဖြစ်သည့်ခေါင်းဆောင်ကြီးများအပြန်အလှန် ချစ်ကြည်ရေးခရီးများ သွားလာကြသည့် အစဉ်အလာကို ထိန်းသိမ်းသွားရန်နှင့် နှစ်နိုင်ငံဆက်ဆံရေး အဆင့်သစ်တစ်ရပ်သို့ တက်လှမ်းရောက်ရှိနိုင်ရေးတို့အတွက် အဆွေတော်သမ္မတကြီး အနေနှင့် အဆင်ပြေ အားလပ်မှုရှိသည့်အခါတွင် မိမိတို့ မြန်မာနိုင်ငံသို့ ကြွရောက်ပါရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းရင်းသားပြည်သူများနှင့် အစိုးရကိုယ်စား ဖိတ်ကြားအပ်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်း ဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဖြစ် သတ်မှတ်နိုင်ခြင်းသည် တရုတ်နှင့် အခြားနိုင်ငံများအကြား ဆက်ဆံရေးတွင် အဆင့်အမြင့်ဆုံး ဆက်ဆံရေးဖြစ်သည့်အပြင် မြန်မာ-တရုတ် ဆက်ဆံရေးသမိုင်းကြောင်းတွင်လည်း သမိုင်းစာမျက်နှာသစ်အဖြစ် မှတ်ယူနိုင်ပါကြောင်း။

လက်တွဲကြိုးပမ်း

ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဖြစ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရေးအတွက် မိမိတို့ နှစ်ဖက်စလုံးက အဆင့်အသီးသီးမှာ လက်တွဲကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ နှစ်နိုင်ငံဆက်ဆံရေး၌ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်ရေးနှင့် အေးချမ်းရေးသည် များစွာအရေးကြီးပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံနယ်စပ်ဒေသများ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး တို့အတွက် နှစ်နိုင်ငံအစိုးရများနှင့် ပြည်သူများအနေနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ထို့အပြင် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသော နယ်စပ်ဒေသရှိ စီမံကိန်းလုပ်ငန်းများ ချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် လုံခြုံစွာဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့် တွေ့စဉ်က အသေးစိတ် ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း။

အထောက်အကူပြု

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် တရုတ်နိုင်ငံအနေနှင့် ပူးပေါင်းကူညီဆောင်ရွက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုများရရှိလာစေရန် များစွာအထောက်အကူဖြစ်စေခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင်၊ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့် နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်ဥက္ကဋ္ဌ မစ္စတာကျာချင့်လင်တို့ လာရောက်ခဲ့စဉ် သဘောတူစာချုပ် စုစုပေါင်း ၃၆ ခုကို နှစ်ဖက် လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ပတ်သက်၍ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံ တစ်နိုင်ငံဖြစ်၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံနီးပါးရှိခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၆ ဘီလီယံအထိ တိုးတက်ရောက်ရှိလာမည်ဟု မျှော်မှန်းထား၊ ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလျက်ရှိသည့် နိုင်ငံများအနက် အများဆုံး ရင်းနှီးမြှုပ်နှံသည့်နိုင်ငံဖြစ်၊ စုစုပေါင်း စီမံကိန်း ၇၂ ခုတွင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈ ဘီလီယံ ရင်းနှီးမြှုပ်နှံလျက်ရှိ။

လွတ်လပ်၍ တက်ကြွသော ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးပြီး ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ

၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များတွင် အရှေ့တောင်အာရှအားကစားပွဲနှင့် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန်ရှိသည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူ

စာမျက်နှာ ၇ မှ

နှစ်ဖက်အကြား ပူးပေါင်းအကောင်အထည်ဖော်ရမည့် စီမံကိန်းများကို မြန်မာနိုင်ငံဘက်မှ အဆိုပြုထားပြီးဖြစ်ရာ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ငွေ၊ ချေးငွေများနှင့် ကျန်ရှိသည့် လုပ်ငန်းဆောင်ရွက်မှုကိစ္စရပ်များတွင် ဆက်လက်ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း။

ပြီးခဲ့သည့် ဧပြီလအတွင်းက မြန်မာနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် တရုတ်မီးရထားလမ်း အင်ဂျင်နီယာကော်ပိုရေးရှင်းတို့ အကြား မူဆယ်-ကျောက်ဖြူ ရထားပို့ဆောင်ရေးစနစ် စီမံကိန်းနှင့် ပတ်သက်သည့် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

စီမံကိန်းတစ်ခုလုံးအနေနှင့် (၅)နှစ်အတွင်းပြီးစီးရန် လျာထားသည့်အတွက် မြန်မာနိုင်ငံမှလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့အပြင် ကျောက်ဖြူစီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုဇုန်၊ ရေနက်ဆိပ်ကမ်း၊ ရထားလမ်းစီမံချက်များ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခုခရီးစဉ်တွင် ထောက်ပံ့ငွေ၊ အတိုးမဲ့ချေးငွေ၊ စီးပွားရေးချေးငွေများနှင့် ပတ်သက်ပြီး စာချုပ်များ ထပ်မံချုပ်ဆိုနိုင်မည်ဖြစ်သည့်အတွက် ဝမ်းသာကျေးဇူးတင်ပါကြောင်း။

အတွေ့အကြုံ

တရုတ်နိုင်ငံအနေဖြင့် ၂၀၀၈ ခုနှစ်တွင် ပေကျင်းအိုလံပစ်ပွဲတော်နှင့် ယမန်နှစ်က ကွမ်ကျိုးအာရှအားကစားပွဲတော်တို့ကို အောင်မြင်စွာ လက်ခံကျင်းပခဲ့သည့် အတွေ့အကြုံနှင့် အပြည်ပြည်ဆိုင်ရာ အစည်းအဝေးကြီးများကို လက်ခံကျင်းပခဲ့သည့် အတွေ့အကြုံများစွာ ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်တွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံထိပ်သီးအစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားရန်ရှိသည့်အတွက် တရုတ်နိုင်ငံအနေနှင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း။

နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ပတ်သက်၍ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ တစ်နိုင်ငံဖြစ်ပါကြောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံနီးပါးရှိခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၆ ဘီလီယံအထိ တိုးတက်ရောက်ရှိလာမည်ဟု မျှော်မှန်းထားပါကြောင်း။

ရင်းနှီးမြှုပ်နှံ

ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလျက်ရှိသည့် နိုင်ငံများအနက် အများဆုံးရင်းနှီးမြှုပ်နှံသည့်နိုင်ငံဖြစ်ပါကြောင်း၊ စုစုပေါင်း စီမံကိန်း ၇၂ ခုတွင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈ ဘီလီယံ ရင်းနှီးမြှုပ်နှံလျက်ရှိပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ပြောကြားချက်မှ

- မိမိတို့အစိုးရအဖွဲ့သစ်၏ နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် လွတ်လပ်၍တက်ကြွသော ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးမည်ဖြစ်ပြီး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်နှင့်အညီ ကမ္ဘာ့နိုင်ငံများအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားမည်။
- မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည် ရင်းနှီးစွာဆက်ဆံရေးဆိုသည့်အချက်မှာ ပဓာနကျပြီး အရေးကြီးသည့်အချက် တစ်ချက်ဖြစ်သည်နှင့်အညီ အိမ်နီးချင်းနိုင်ငံများနှင့်လည်း ခင်မင်ရင်းနှီးချစ်ကြည်စွာ ဆက်လက်ဆက်ဆံသွားမည်။
- သမိုင်းအစဉ်အလာရှိသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ဖြစ်ထွန်းခဲ့ပြီး မဟာဗျူဟာမြောက် ဆက်ဆံရေးအဆင့်သို့ ရောက်ရှိပြီဖြစ်သည့် မြန်မာနှင့်တရုတ် ဆက်ဆံရေးကိုလည်း ဆတက်ထမ်းပိုး ဖြစ်ထွန်းသွားစေရေးအတွက် ကြိုးပမ်းသွားမည်။

တရုတ်နိုင်ငံသမ္မတ မစ္စတာဟူကျင်ထောင်း၏ ပြောကြားချက်မှ

- ပထမအချက်အနေဖြင့် အနာဂတ်ကိုရှေးရှုပြီး နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်သွားရန်ဖြစ်၊ ဒုတိယအချက်မှာ အပြန်အလှန်ပူးပေါင်းကာ မဟာဗျူဟာမြောက် ထောက်ခံမှုများ ပြုလုပ်သွားကြရန်ဖြစ်၊ တတိယအချက်မှာ လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရေးဖြစ်၊ စတုတ္ထအချက်မှာ နှစ်ဖက်အကြား စွမ်းအင်၊ လျှပ်စစ်၊ လမ်းပန်းဆက်သွယ်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးဖြစ်။
- မြန်မာ-တရုတ် ကားလမ်းဖောက်လုပ်ရေးအတွက် များစွာအလေးထားပြီး တရုတ်ဘက်၏ ထောက်ပံ့မှုကိုသုံးကာ မူဆယ်-လားရှိုးရထားလမ်း အပါအဝင် ဆက်သွယ်ရေးလမ်းကြောင်းများ ဆောင်ရွက်ရန်အတွက် အကြံပြုလို။
- တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲရေးတို့ကို များစွာအလေးထား၊ မြန်မာပြည်သူများနှင့် အစိုးရအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမှာ အရေးကြီးသည့်အလျောက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို နားလည်ထောက်ခံ။

တွေ့ဆုံဆွေးနွေ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တ
သမ္မတ မစ္စတာ ဟူကျင်ထောင်းတို့ ပေ
ဆောင်ကြီး၌ တွေ့ဆုံဆွေးနွေးကြစဉ်။

မိမိနိုင်ငံတွင် အထူးစီးပွားရေးဇုန် ဥပဒေ
အလိုက် ဥပဒေများ ထုတ်ပြန်သွားရန်ရှိပါကြေ

ယခုအခါတွင် ထားဝယ်အထူးစီးပွားရေ
ဖြစ်သည့်အတွက် တရုတ်နိုင်ငံတွင် ငွေကြေးအ
သည့် ကုမ္ပဏီအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံသ
မြှုပ်နှံစေရန်အတွက် ဖိတ်ခေါ်ပါကြောင်း။

နိုင်ငံခြားရေးမူဝါဒ

မိမိတို့အစိုးရအဖွဲ့သစ်၏ နိုင်ငံခြားရေးမူ
နိုင်ငံသည် လွတ်လပ်၍တက်ကြွသော ဘက်မ
ဆက်လက်ကျင့်သုံးမည်ဖြစ်ပြီး ငြိမ်းချမ်းစွာ အ
(၅)ချက်နှင့်အညီ ကမ္ဘာ့နိုင်ငံများအားလုံးနှင့် ချ
သွားမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နို
အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အ
ဆက်လက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမ

မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည
ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးဆိုသည့်အချက်
သည့် အချက်တစ်ချက်ဖြစ်သည်နှင့်အညီ အိမ်
ခင်မင်ရင်းနှီးချစ်ကြည်စွာ ဆက်လက် ဆက်ဆ

ဆတက်ထမ်းပိုး

သမိုင်းအစဉ်အလာရှိသည့် ဆွေမျိုးပေါက်
ပြီး မဟာဗျူဟာမြောက် ဆက်ဆံရေးအဆင့်
မြန်မာနှင့်တရုတ် ဆက်ဆံရေးကိုလည်း ဆတက
ရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း

ချမှတ်ထား

မိမိတို့အစိုးရအဖွဲ့သစ်အနေနှင့် မြန်မာနိ
အတွက် ပြည်သူများနှင့်အတူ ဆက်လက်လက်
ရာ၌ ရရှိပြီးဖြစ်သည့် အခြေခံကောင်းများမှတစ်
မာမာ အနှစ်သာရရှိရှိ မှန်မှန်ကန်ကန် ကျင့်သုံ

...င့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားမည်

...မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

...အဖြစ် ဆောင်ရွက်ရန်ရှိသည်ကို ကြိုဆို

...့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း

...ရင်းနှီး
...ည့်နိုင်ငံ
...ဒေါ်လာ

တွေ့ဆုံဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းတို့ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

...က်မှ

မိမိနိုင်ငံတွင် အထူးစီးပွားရေးဇုန် ဥပဒေဘောင်အတွင်း သီးခြားဇုန်အလိုက် ဥပဒေများ ထုတ်ပြန်သွားရန်ရှိပါကြောင်း။

ယခုအခါတွင် ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေ ပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် တရုတ်နိုင်ငံတွင် ငွေကြေးအင်အား ခိုင်မာတောင့်တင်းသည့် ကုမ္ပဏီအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံသူများကို လာရောက်ရင်းနှီးမြှုပ်နှံစေရန်အတွက် ဖိတ်ခေါ်ပါကြောင်း။

နိုင်ငံခြားရေးမူဝါဒ

မိမိတို့အစိုးရအဖွဲ့သစ်၏ နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် လွတ်လပ်၍တက်ကြွသော ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးမည်ဖြစ်ပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်နှင့်အညီ ကမ္ဘာ့နိုင်ငံများအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေနှင့် ကုလသမဂ္ဂအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် တက်ကြွစွာ ဆက်လက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးဆိုသည့်အချက်မှာ ပဓာနကျပြီး အရေးကြီးသည့် အချက်တစ်ချက်ဖြစ်သည်နှင့်အညီ အိမ်နီးချင်းနိုင်ငံများနှင့်လည်း ခင်မင်ရင်းနှီးချစ်ကြည်စွာ ဆက်လက် ဆက်ဆံသွားမည်ဖြစ်ပါကြောင်း။

ဆတက်ထမ်းပိုး

သမိုင်းအစဉ်အလာရှိသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးဖြစ်ထွန်းခဲ့ပြီး မဟာဗျူဟာမြောက် ဆက်ဆံရေးအဆင့်သို့ ရောက်ရှိပြီဖြစ်သည့် မြန်မာနှင့်တရုတ် ဆက်ဆံရေးကိုလည်း ဆတက်ထမ်းပိုး ဖြစ်ထွန်းသွားစေရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း။

ချမှတ်ထား

မိမိတို့အစိုးရအဖွဲ့သစ်အနေနှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူများနှင့်အတူ ဆက်လက်လက်တွဲ အကောင်အထည်ဖော်ရာ၌ ရရှိပြီးဖြစ်သည့် အခြေခံကောင်းများမှတစ်ဆင့် ဒီမိုကရေစီကို ခိုင်ခိုင်မာမာ အနှစ်သာရရှိရှိ မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ရန် အနာဂတ်ကာလ၌ လုပ်ဆောင်မည့် ဆောင်ရွက်ချက်များအတွက် အရေးကြီးပြီး အခြေခံကျသည့် လုပ်ငန်းစဉ်များကို ချမှတ်ထားပါကြောင်း။

ထို့အပြင် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အသီးသီး၏ လုပ်ငန်းစဉ်များသည် ပွင့်လင်းပြီး တာဝန်ခံမှုရှိကာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှုရှိရန် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အလေးထား

တစ်ချိန်တည်းတွင် ပြည်သူလူထုဆန္ဒသဘောထားကို အလေးထားပြီး အစိုးရအဖွဲ့၏ လုပ်ငန်းများ သွက်လက်ထိရောက်မှုရှိရေးကိုလည်း ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း။

ရှင်းလင်းပြောကြား

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆတက်ထမ်းပိုး ပိုမိုတိုးတက်ဖြစ်ထွန်းစေရန်အတွက်လည်းကောင်း၊ အဆွေတော်နဲ့တကွ ပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစေရန်အတွက်လည်းကောင်း၊ တရုတ်နိုင်ငံ ပိုမိုဖွံ့ဖြိုးတိုးတက်စည်ပင်သာယာဝပြောစေရန်အတွက်လည်းကောင်း ဆန္ဒပြုပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းက ပြန်လည်ပြောကြားရာတွင် အဆွေတော် သမ္မတကြီးအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို အသိအမှတ်ပြု ပြောကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

အောင်မြင်ခဲ့

နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်ခဲ့ပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်နှင့် အညီ ဆက်ဆံနိုင်ခဲ့ပါကြောင်း၊ အဆိုပါမူကြီး (၅)ချက်၏ လမ်းညွှန်မှုအောက်တွင် နှစ်နိုင်ငံဆက်ဆံရေးဖွံ့ဖြိုးကာ အောင်မြင်ခဲ့ပါကြောင်း။

မြန်မာဘက်မှ တရုတ်တစ်နိုင်ငံတည်း မူဝါဒကို စွဲမြဲစွာကျင့်သုံးခဲ့ပြီး ထိုင်ဝမ်၊ တိဗက်နှင့် ရှင်းကျန့်ဝေဂါကဲ့သို့သောကိစ္စများတွင် တန်ဖိုးကြီးမားသည့် ထောက်ခံမှုများပေးခဲ့၍ ကျေးဇူးတင်ချီးကျူးပါကြောင်း။

အဆွေတော် သမ္မတကြီး ဆွေးနွေးခဲ့သည့်အချက်များပေါ်မူတည်၍ အကြံပြုချက်များ ပြောကြားလိုပါကြောင်း။

၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များတွင် အရှေ့တောင်အာရှအားကစားပွဲနှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန်ရှိသည်များကို ကြိုဆိုပါကြောင်း၊ လိုအပ်ပါက သမ္မတကြီး ပြောကြားခဲ့သည့်အတိုင်း ပံ့ပိုးကူညီပေးမည် ဖြစ်ပါကြောင်း။

ထို့အပြင် GMS အစည်းအဝေး မြန်မာနိုင်ငံတွင် ကျင်းပရေးကိုလည်း ထောက်ခံပါကြောင်း။

ဒုတိယအချက်မှာ လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရေးဖြစ်ပါကြောင်း။

တွန်းအားပေး

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပို့ကုန်များ ပိုမိုဝယ်ယူရန် ဆောင်ရွက်သွားမှာဖြစ်သည့်အပြင် ကုန်သွယ်ရေးတည်ငြိမ်၍ ရေရှည်ဖွံ့ဖြိုးရန် တွန်းအားပေးသွားမှာ ဖြစ်ပါကြောင်း။

ယခုနှစ်တွင် နှစ်ဖက်ကုန်သွယ်ရေးပမာဏ ၆ ဘီလီယံသို့ ရောက်ရှိရေးကို ဆောင်ရွက်သွားလိုပါကြောင်း။

စတုတ္ထအချက်မှာ နှစ်ဖက်အကြား စွမ်းအင်၊ လျှပ်စစ်၊ လမ်းပန်းဆက်သွယ်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးဖြစ်ပါကြောင်း၊ ယခုအခါ ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် အထွေထွေကုန်ထုတ်လုပ်ရေးစီမံကိန်းများ၌ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဆက်သွယ်ရေးလမ်း

မြန်မာ-တရုတ် ကားလမ်းဖောက်လုပ်ရေးအတွက် များစွာအလေးထားပြီး တရုတ်ဘက်၏ ထောက်ပံ့မှုကို သုံးကာ မူဆယ်-လားရှိုး ရထားလမ်းအပါအဝင် ဆက်သွယ်ရေးလမ်းကြောင်းများ ဆောင်ရွက်ရန်အတွက် အကြံပြုလိုပါကြောင်း။

နောက်တစ်ခု ဆွေးနွေးလိုသည်မှာ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ နယ်စပ်မှာ ကီလိုမီတာ ၂၀၀၀ ကျော် ရှည်လျားပြီး နှစ်နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးမှာ များစွာအရေးကြီးပါကြောင်း။

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲရေးတို့ကို များစွာအလေးထားပါကြောင်း၊ မြန်မာပြည်သူများနှင့် အစိုးရအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမှာ အရေးကြီးသည့်အလျောက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို နားလည်ထောက်ခံပါကြောင်း။

ကဏ္ဍသစ်ဖွင့်လှစ်

ပြီးခဲ့သည့် မတ်လအတွင်းက နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ နောက်ဆုံးအဆင့်ကို အောင်မြင်စွာ အကောင်အထည်ဖော်ကာ အစိုးရသစ်ဖွဲ့စည်းနိုင်ခဲ့၍ မြန်မာနိုင်ငံသမိုင်းတွင် အခန်းကဏ္ဍသစ်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းအနေဖြင့် မြန်မာပြည်သူများ မိမိတို့နှင့် ကိုက်ညီသည့်လမ်းကြောင်းနှင့် နိုင်ငံရေးစနစ်ရွေးချယ်မှုကို လေးစားထောက်ခံပါကြောင်း။

မြန်မာအစိုးရနှင့် ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းတွင် အောင်မြင်မှုများရရှိစေရန် ဆုတောင်းပါကြောင်းဖြင့် ပြန်လည်ဆွေးနွေး ပြောကြားသည်။

လက်မှတ်ရေးထိုးပွဲ တက်ရောက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းတို့ နှစ်နိုင်ငံ သဘောတူစာချုပ်များနှင့် နားလည်မှုစာလွှာများ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

မိတ်ဖက်ဆက်ဆံရေး

ပထမအချက်အနေဖြင့် အနာဂတ်ကိုရှေးရှုပြီး နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်သွားရန် ဖြစ်ပါကြောင်း၊ အဆွေတော် ပြောကြားခဲ့သည့်အတိုင်း နှစ်နိုင်ငံဆက်ဆံရေးမှာ မဟာဗျူဟာမြောက်ဆက်ဆံရေးသို့ ရောက်ရှိကြောင်းကို လက်ခံပါကြောင်း၊ ယခုဆိုလျှင် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်ဆက်ဆံရေးသို့ရောက်ရှိပြီး ဖြစ်ပါကြောင်း။

ဒုတိယအချက်မှာ အပြန်အလှန်ပူးပေါင်းကာ မဟာဗျူဟာမြောက် ထောက်ခံမှုများ ပြုလုပ်သွားကြရန် ဖြစ်ပါကြောင်း။

ကာကွယ်စောင့်ရှောက်

မြန်မာနှင့် တရုတ်နိုင်ငံတို့မှာ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ကြပြီး နိုင်ငံတကာနှင့် ဒေသတွင်း တူညီသည့်ကိစ္စရပ်များ ရှိပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ တရားမျှတသည့် အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပါကြောင်း။

များစွာဝမ်းမြောက်

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မြန်မာနိုင်ငံနှင့်ပတ်သက်၍ သဘောထားရပ်တည်ချက်များ သိရှိရသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဘက်ဘက်မှ ကူညီပူးပေါင်းဆောင်ရွက်ပေးသည်ကို ကျေးဇူးတင်ရှိပါကြောင်း။

ကုလသမဂ္ဂပြန်လည်ဖွဲ့စည်းရေး၊ တောင်တရုတ်ပင်လယ်ကိစ္စရပ်များနှင့်ပတ်သက်၍ တရုတ်ဘက်မှ အပြည့်အဝ ရပ်တည်ကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်း။

အဆွေတော် သမ္မတကြီးအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် စဉ်းစားထားသည့်အတွက် များစွာ ကျေးဇူးတင်ရှိပါကြောင်းဖြင့် ထပ်မံဆွေးနွေးပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် နားလည်မှုစာလွှာများ လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အပြန်အလှန်လဲလှယ်

လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် နှစ်နိုင်ငံတာဝန်ရှိသူများက နှစ်နိုင်ငံ သမ္မတနှစ်ဦးရှေ့မှောက်တွင် သဘောတူစာချုပ်နှင့် စာလွှာ (၉)ခုကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ထိုသို့ နှစ်နိုင်ငံသဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲအပြီး ညနေ ၆ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုသည့် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန် (၆၃)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတက်ရောက်ကြည်ညို

ရန်ကုန် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော (၆၃)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် မူလအဘိဓမ္မကောဝိဒအောင် တစ်ပါး၊ မူလအဘိဓမ္မိကအောင် လေးပါး၊ ဒီဃနိကာယ ကောဝိဒအောင် နှစ်ပါး၊ ဒီဃဘာဏကအောင် နှစ်ပါး၊ ဝိနယကောဝိဒအောင် ခြောက်ပါး၊ ဝိနယဓရအောင် ၁၉ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒအောင် ကိုးပါးနှင့် ဥဘတောဝိဘင်္ဂဓရအောင် ၄၁ ပါး စုစုပေါင်း စာအောင်သံဃာတော်အရှင်မြတ် ၈၄ ပါးတို့အား ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာ့အေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့ တက်ရောက်ကြည်ညိုကြသည်။

တက်ရောက်ကြည်ညို

အဆိုပါ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုတော်မူသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်များ၊ စာမေးပွဲကြီးကြပ်ရေး စာထောက်စာမ ဆရာတော်များ၊ စာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်မြတ်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ စာအောင်သံဃာတော် အရှင်မြတ်များ၏ တပည့်ဒါယကာ၊ ဒါယိကာမများ၊ အလှူ့ရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့ တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

ဆက်ကပ်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အဘိဓမ္မာအရှေ့ပိုင်း သဘောရေးဖြေအောင်မြင်၍ မူလအဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တိပိဋကကျောင်းတော်မှ အရှင်ဝိစိတ္တာလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်စဉ်။

(သတင်းစဉ်)

(၆၃)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားကို နံနက် ၈ နာရီတွင် စတင်ကျင်းပရာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များနှင့် ပရိသတ်တို့က အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

သီလခံယူ

ယင်းနောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့သည် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သမ္မောဒနီယသာရဏီယ ဩဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဖတ်ကြားတော်မူသည်။

(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သမ္မောဒနီယ သာရဏီယ ဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ယနေ့ ကျင်းပသည့် (၆၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဩဝါဒါစရိယ ဆရာတော်များ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ ပင့်သံဃာတော်များနှင့်တကွ စာအောင် သာသနာ့အာဇာနည် အရှင်မြတ်တို့အား ယခုကဲ့သို့ စုံစုံညီညီ ဖူးမြော်ကြည်ညိုခွင့်ရရှိပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားခွင့် ရရှိသည့်အတွက် ကုသိုလ်တရားများ အထူးပင် တိုးပွားရသည်ဟု ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း။

ထွန်းလင်းစည်ပင်

သုံးလောကထွတ်ထား သဗ္ဗညုဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် အရှင်မဟာကဿပ မထေရ်မြတ်ကြီးဦးဆောင်၍ ပိဋကတ်သုံးပုံဆောင် ရဟန္တာမထေရ်မြတ်ကြီးများက ဘုရားရှင်ဟောကြားတော်မူခဲ့သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့ကို သဘောတူရာတူရာ စုစည်း၍ ပိဋကတ်သုံးပုံအဖြစ် တည်းဖြတ်သတ်မှတ်ရွတ်ဆိုကြကာ ပထမသံဂါယနာမှအစ ဆဋ္ဌသံဂါယနာအထိ သံဂါယနာခြောက်တန်တင်တော်မူကြပြီး ထေရဝါဒဗုဒ္ဓသာသနာဝင် ပိဋကတ်တော်များ မပျောက်မပျက် မတိမ်းမယိမ်းရအောင် ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြသဖြင့် ယနေ့တိုင်အောင် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး တည်တံ့ပြန့်ပွား ထွန်းလင်းစည်ပင်နေခြင်းပင် ဖြစ်ပါကြောင်း။

တပည့်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးတွင် ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိသည့် ပရိယတ္တိစာပေများကို သက်တော်ထင်ရှား ဘုရားရှင်လက်ထက်တော်အတိုင်း ဆရာတပည့် အစဉ်အဆက်မပျက်ရအောင် ရဟန်းသံဃာတော်အရှင်မြတ်များ အဆင့်ဆင့်ပို့ချသင်ယူဆောင်ရွက်တော်မူခဲ့သည့်နည်းတူ ယနေ့တိုင်လည်း အားသွန်မပျက် ကြိုးပမ်းထမ်းရွက်တော်မူလျက်ရှိကြသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများအလယ်တွင် ဦးဆောင်နေရာကို ခံ့ထည်စွာ ရယူနိုင်လျက်ရှိပါကြောင်း။

သာသနာတော်သုံးရပ်တွင် အခြေခံကျလှသည့် ပရိယတ္တိသာသနာတော် အမာခံ အုတ်မြစ်ကောင်းစေရေးအတွက် ပရိယတ္တိစာမေးပွဲများကို နိုင်ငံတော်အစိုးရကကြီးမှူး၍ တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့်လည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ် အသီးသီးရှိ ဆရာတော်များဦးဆောင်၍ ဒေသဆိုင်ရာ ပရိယတ္တိစာမေးပွဲများကို သက်ဆိုင်ရာ မြို့ရွာဒေသအလိုက်လည်းကောင်း ကျင်းပပေးလျက်ရှိရာ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးမှာ ပရိယတ္တိစာမေးပွဲနယ်ပယ်တွင် အမြင့်မားဆုံး စာမေးပွဲကြီးဖြစ်ပါကြောင်း၊ ယင်းစာမေးပွဲတွင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော ပိဋကတ်သုံးပုံ ပါဠိတော်သင်ရိုးကျမ်း (၂၀)တွင် ပါရှိသည့် ဆဋ္ဌသံဂါယနာမူဖြင့် စာမျက်နှာပေါင်း (၈၀၂၆)ကို အထစ်အငေါ့မရှိ အဆင့်ဆင့် အာဂုံပြန်ဆိုပြီးမှသာ တိပိဋကဓရ (ပိဋကတ်သုံးပုံ အာဂုံဆောင် အရှင်မြတ်) ဟူသောဘွဲ့ကို ခံယူရရှိတော်မူပါကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁

တိပိဋကဓရစာပွဲဝင် စာအောင်အရှင်မြတ်တို့က သာသနာတော်ကို ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူကြခြင်း၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူ ပြည်သား သူတော်ကောင်းတို့က အာမိသပူဇာတို့ဖြင့်ပူဇော်ခြင်းသည် မြတ်စွာဘုရားသာသနာတော် အရှည်ခံ့၍ တည်တံ့အောင် သာသနာပြု အားထုတ်ကြခြင်းဖြစ်



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သမ္မောဒနီယ သာရဏီယ ဩဝါဒကထာကို ဖတ်ကြားတော်မူစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၈

(၆၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲ အခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဖတ်ကြားတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သမ္မောဒနီယ သာရဏီယ ဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပသည့် (၆၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် သာသနဓဇနည် အရှင်မြတ်များနှင့်တကွ နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကိုယ်စား ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်ဖြစ်သော သမ္မောဒနီယ သာရဏီယကထာနှင့် ဩဝါဒကထာ ပြောကြားလိုသည်မှာ-

ယာဝတိဋ္ဌန္တိ သုတ္တန္တာ၊ ဝိနယော ယာဝ ဒိပ္ပတိ။
တာဝဒက္ခန္တိ အာလောကံ၊ သူရိယေ အဗ္ဘုဋ္ဌိတေ ယထာ။
သုတ္တန္တေသု အသန္တေသု၊ ပမုဋ္ဌေ ဝိနယမှိစ။
တမော ဘဝိဿတိ လောကေ၊ သူရိယေ အတ္ထင်္ဂတေ ယထာ။

နေမင်းတည်ရှိနေသည့်အခါ အလင်းရောင်ကို တွေ့မြင်ရသကဲ့သို့ ဗုဒ္ဓဘုရားဟော မြွက်ကြားသည့် တရားဓမ္မက္ခန် သုတ္တန်အဘိဓမ္မာ ဒေသနာတော်များ ထင်ရှားရှိနေသမျှ၊ ဝိနည်းတရားတော်များ ထွန်းကားနေသမျှကာလပတ်လုံး သူတော်ကောင်းတရား ဘုရားသာသနာတော်တည်းဟူသော အလင်းရောင်ကို တွေ့မြင်နေကြရလိမ့်မည်။

နေမင်းဝင်သွားသည်ရှိသော် လောကကြီး၌ အမိုက်မှောင်ဖြစ်သကဲ့သို့ ဗုဒ္ဓဘုရား ဟောမြွက်ကြားသည့် တရားဓမ္မက္ခန် သုတ္တန်အဘိဓမ္မာ ဒေသနာတော်များ ထင်ရှား မရှိခဲ့သော်၊ ဝိနည်းတရားတော်များလည်း ပျောက်ပျက်ခဲ့သည်ရှိသော် လောကကြီး၌ (မသူတော်တရားတည်းဟူသော) အမိုက်မှောင်ကြီးသာ ဖြစ်ပေါ်လိမ့်မည်ဟူသော အင်္ဂုတ္တရအဋ္ဌကထာဒေသနာတော်အရ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းဟူသော ပိဋကသုံးသွယ် နိကာယ်ငါးရပ်ကို သင်ယူခြင်း ပရိယတ္တိသည် သာသနာတော်သုံးရပ်တွင် အရင်းမူလ ပဓာနကျကြောင်း အရှင်မြတ်တို့ သိပြီးဖြစ်ကြပါသည်။

သာသနာ့ဝန်ထမ်း ရဟန်းတော်တို့ ထမ်းဆောင်ရမည့် သာသနာ့တာဝန်သည် ဝါသဓုရ၊ ပရိယတ္တိဓုရ ဟူ၍ နှစ်မျိုးရှိပါသည်။ ထိုနှစ်မျိုးတို့တွင် ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းသည် ဝါသဓုရဖြစ်ပါသည်။ စာပေကျမ်းဂန်ကို သင်အံကြိုးကုတ် အားထုတ်ခြင်းသည် ပရိယတ္တိဓုရဖြစ်ပါသည်။

ရဟန်းတော်တို့၏ ဝါသဓုရ၊ ပရိယတ္တိဓုရ နှစ်ပါးကို ပွားများကြိုးကုတ် အားထုတ် နေခြင်းသည် မြတ်စွာဘုရားရှင်၏ သာသနာတော်ကို တရားဖြင့် ချီးမြှောက်သည့် ဓမ္မာနုဂ္ဂဟဖြစ်ပါသည်။ ရဟန်းတော်အရှင်မြတ်တို့၏ သာသနာတော်ကို တရားဖြင့် ချီးမြှောက်သည့် ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ရာ၌ ချမ်းချမ်းသာသာ ချီးမြှောက်နိုင်ရန် နိုင်ငံတော်အစိုးရနှင့်တကွ ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့က ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသောပစ္စည်းတို့ကို လှူဒါန်းထောက်ပံ့ခြင်းသည် ပစ္စည်းဖြင့် ချီးမြှောက်သည့် အာမိသာနုဂ္ဂဟဖြစ်ပါသည်။

တိပိဋကဓရစာပွဲဝင် စာအောင်အရှင်မြတ်တို့က သာသနာတော်ကို ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူကြခြင်း၊ နိုင်ငံတော်အစိုးရနှင့်တကွ ပြည်သူ ပြည်သား ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့က ယခုကဲ့သို့ အာမိသပူဇာတို့ဖြင့် ပူဇော်ချီးမြှောက် ကြခြင်းသည် မြတ်စွာဘုရားသာသနာတော်ကို အရှည်ခံ့၍ တည်တံ့အောင် သာသနာပြု ကုသိုလ်ထူးကြီးကို ဆည်းပူးအားထုတ်ကြခြင်း ဖြစ်ပါသည်။

အရှင်မြတ်တို့၏ အဇ္ဈတ္တသန္တာန်တွင် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာငါးဖြာသော ဗိုလ်ကြီးများကို ဦးစီးစေလျက် ဆောင်ရွက်ကျက်မှတ်ခဲ့ကြသဖြင့် (၆၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် မူလအဘိဓမ္မကောဝိဒ၊ မူလအာဘိဓမ္မိက၊ ဒီဃနိကာယကောဝိဒ၊ ဒီဃဘာဏက ဝိနယကောဝိဒ၊ ဝိနယဓရ အစရှိသော ပရိယတ္တိအောင်ပန်း ဘွဲ့တံဆိပ်အခန်းခန်းကို ဆင်မြန်းပန်ဆင်တော်မူကြရခြင်း ဖြစ်ပါသည်။

အရှင်မြတ်တို့၏ ကြိုးပမ်းအားထုတ်မှု အောင်မြင်မှုများသည် တပည့်တော်တို့၏ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးတွင် ထိပ်တန်းကျသော အောင်မြင်မှုများဖြစ်သည့်အတွက် သာသနာတော်တိုးတက်ပွင့်လင်းမှုအရေး မျှော်တွေးကာ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အနေဖြင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရနှင့်တကွ ဗုဒ္ဓဘာသာဝင် ပြည်သူ ပြည်သားအပေါင်းတို့အနေဖြင့်လည်းကောင်း အလွန်တရာဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူလျက် ရှိကြပါကြောင်း လျှောက်ထားအပ်ပါသည်။

"ပရိယတ္တိံ နိဿာယ ပရိဝါရော ဥပ္ပဇ္ဇတိ၊ ပရိဝါရံ နိဿာယလာဘော" ဟူသော သုတ္တနိပါတ်အဋ္ဌကထာ မိန့်မှာတော်မူချက်အရ ပရိယတ်ကို အမှီပြု၍ တပည့်ဒါယကာ များစွာဝန်းရံ အခြွေအရံများ ဖြစ်ပွားလာတတ်ပါသည်။ အခြွေအရံကို အမှီပြု၍ လာဘ်လာဘပေါများလာတတ်ပါသည်၊ ဖြစ်ပေါ်လာသည့် လာဘ်လာဘသည် စိတ်ဓာတ် မခိုင်မာသည့် ပုဂ္ဂိုလ်များအတွက် တိုးတက်ရေးဘက်ကို ဦးမတည်ဘဲ ဈာန်၊ မဂ်၊ ဖိုလ်တရားရရန်အတွက် အနှောင့်အယှက် အတားအဆီးဖြစ်နေတတ်ပါသည်။

ထို့ကြောင့် အရှင်မြတ်တို့၏ အဆင့်မြင့်သော ပရိယတ္တိအောင်ပန်း ဆင်မြန်းရခြင်းကို အမှီပြု၍ လာဘ်ပူဇော်သက္ကာရများပြားလာပါက "ဒါရု ဉာဏာ ဘိက္ခဝေ လာဘ သက္ကာရ သိလောကော ကဋုကော ဖရုသော အန္တရာယိကော အနုတ္တရဿ ယောဂက္ခေမဿ အဓိဂမာယ" ဟူသော နိဒါနဝဂ္ဂသံယုတ်၊ ဒါရုဏာသုတ်လာသည့်အတိုင်း "လာဘ်ပူဇော် သက္ကာရများခြင်း၊ ဂုဏ်သတင်းကျော်စောခြင်းသည် ခက်ထန်လှ၏။ ခါးစပ်လှ၏။ ကြမ်းတမ်းလှ၏။ ယောဂလေးတန်ကုန်ရာမှန်သော အမြတ်ဆုံးဖြစ်သော အရဟတ္တဖိုလ်ကို ရရန်အတွက် အနှောင့်အယှက်အန္တရာယ်ဖြစ်၏" ဟု နှလုံးသွင်း ဆင်ခြင်တော်မူကြကာ ပရိယတ္တိလမ်းခရီးတွင် ဆုံးခန်းတိုင်မြောက် မရောက်သေးဘဲ ပြီးဆုံးလိုက်ရသော အခြေအနေမျိုးမဖြစ်ရအောင် သတိဆောင်တော်မူကြ၍ နိဿရဏတ္ထ ပရိယတ္တိဖြစ်အောင် နှလုံးသွင်းဆင်ခြင်တော်မူကြပါဟု အထူးလျှောက်ထားလိုပါသည်။

နိဂုံးချုပ်အနေအားဖြင့် လျှောက်ထားလိုသည်မှာ-

သာသနံ ပုညဝန္တဿ၊ ပုညဝန္တာဝလဗ္ဘရေ။
နပ္ပပုညာ ကရဟစိ၊ ပဂ္ဂဏှိတု မဝိသယာ။

ပုညဝန္တဿ၊ ဘုန်းရှင်ကံရှင်၊ သမ္ဘာရှင်ဖြစ်တော်မူသော မြတ်စွာဘုရား၏ သာသနံ၊ အံ့ဖွယ်ရှစ်ဖြာသာသနာတော်ကို၊ ပုညဝန္တာဝ၊ ဘုန်းရှင်, ကံရှင်,သမ္ဘာရှင်ဖြစ်သော ပုဂ္ဂိုလ် တို့သာလျှင်။ ပဂ္ဂဏှိတုံ၊ ချီးမြှောက်ခြင်းငှာ (ဝါ)ချီးမြှောက်ခွင့်ကို။ လဗ္ဘရေ၊ ရနိုင်ကြ ကုန်၏။ အပ္ပပုညာ၊ ဘုန်းကံနည်းပါး အောက်တန်းစားပုဂ္ဂိုလ်တို့သည်ကား။ အဝိသယာ၊ အရာမဟုတ်သည်၏အဖြစ်ကြောင့်။ ကရဟစိ၊ တစ်ရံတစ်ဆစ်မျှ။ ပဂ္ဂဏှိတုံ၊ ချီးမြှောက်ခြင်းငှါ(ဝါ) ချီးမြှောက်ခွင့်ကို။ နလဗ္ဘရေ၊ မရနိုင်ကြကုန်ဟူသော ဒေသနာတော် အရ တိပိဋကစာပွဲသဘင် အောင်ပန်းဆင်တော်မူကြသည့် သာသနဓဇနည် အရှင်မြတ်တို့နှင့်တကွ နိုင်ငံတော်အစိုးရအမှူးရှိသော ဥပါသကာ ဥပါသိကာမ အပေါင်းသူတော်ကောင်းတို့သည် "ငါတို့သည်ကား ဘုန်းရှင်, ကံရှင်, သမ္ဘာရှင်ဖြစ်သော ကြောင့်သာ ဘုန်းရှင်, ကံရှင်, သမ္ဘာရှင်ဖြစ်တော်မူသော မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးကို ချီးမြှောက်ခွင့်ရနေကြပေသည်တကား" ဟု ပီတိသောမနဿ အဆင့်ဆင့်ပွားလျက် ဘုရားမြတ်စွာ သာသနာတော်မြတ်ကြီးကို စဉ်ဆက်မပြတ် အားပေးချီးမြှောက် ထောက်ပံ့နိုင်ကြပါစေ" ဟု ပတ္ထနာပြုလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သမ္မောဒနီယသာရဏီယ ဩဝါဒကထာကို နိဂုံးချုပ် အပ်ပါသည် ရဟန်း, ရှင်, လူ သူတော်စင်အပေါင်းတို့။ ။

စာမျက်နှာ ၁၀ မှ

အာဂုံပြန်ဆိုပြီးသည့် ပိဋကတ်သုံးပုံပါဠိတော် သင်ရိုးကျမ်း အုပ်ရေ ၂၀ အပြင် ယင်းပါဠိတော်များ၏ အဖွင့်ကျမ်းများဖြစ်သည့် အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ နိဿယ ဂဏ္ဌိ၊ အနုဂဏ္ဌိအစရှိသော ပြဋ္ဌာန်းကျမ်းစာများတွင် ပါဝင်သည့် အနက်အဓိပ္ပာယ် များနှင့်တကွ ပိဋကတ်သုံးပုံ သဘောရေးဖြေစာမေးပွဲကို ဖြေဆိုအောင်မြင်ပြီးဆိုပါမှ တိပိဋကကောဝိဒ (ပိဋကတ်သုံးပုံ ကျွမ်းကျင်နှံ့စပ်သည့် အရှင်မြတ်) ဟူသောဘွဲ့ကို ဆက်ကပ်လှူဒါန်းပါကြောင်း။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး၏ သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာရာတွင် ဆဋ္ဌသံဂါယနာတင်ရာ၌ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်နိုင်သည့် မထေရ်ပါဝင်မှုသာ သံဂါယနာတင်ထိုက်သည်ဟူသော ဝေဖန်မှုများကို ချေဖျက်နိုင်စေရန် ရည်သန်ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း၊ ပထမအကြိမ် ကျင်းပသည့် တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် စာရင်းသွင်းသံဃာ ၁၇ ပါးရှိသော်လည်း ၁၁ပါး ပျက်ကွက်၍ ခြောက်ပါး ပြန်ဆိုရေးဖြေတော်မူကြရာ တစ်ပါးမျှ အောင်မြင်မှု မရှိခဲ့ပါကြောင်း၊ ဒုတိယအကြိမ် စာမေးပွဲကျင်းပရန်အတွက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် သင်းလုံးကျွတ် အစည်းအဝေးကြီးက ဒုတိယအကြိမ်တွင်လည်း တစ်ပါးမျှ မအောင်မြင်ပါက စာမေးပွဲကြီးကို ဖျက်သိမ်းပစ်ရန်ပင် ဆုံးဖြတ်ခဲ့ပါကြောင်း။

ဒုတိယအကြိမ် စာမေးပွဲကျင်းပရာတွင် စာဖြေသံဃာ ငါးပါးပြန်ဆိုတော်မူကြရာ အရှင်ပညာသာရ တစ်ပါးသာ ဝိနည်းငါးကျမ်းကို အထောက်အမ လွတ်ကင်းပြီး သန့်ရှင်းထူးကဲစွာ ပြန်ဆိုတော်မူနိုင်၍ ဝိသိဋ္ဌဝိနယဓရ ဘွဲ့တံဆိပ်တော်ကို ရရှိအောင်မြင် တော်မူခဲ့ပါသဖြင့်သာ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ယနေ့တိုင်အောင် ဆက်လက်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သာသနဓဇနည် ဝိနယဓရ ဝိနည်းငါးကျမ်း အာဂုံအောင် အရှင်ပညာသာရသည်လည်း တောရဆောက်တည် သွားခဲ့သဖြင့် ပိဋကသုံးပုံ အာဂုံအောင်ပုဂ္ဂိုလ်ပေါ်ထွန်းရေးမှာ အလှမ်းဝေးနေခဲ့ရာ နောင်တွင် မင်းကွန်းဆရာတော်ဖြစ်လာမည့် အရှင်ဝိစိတ္တသာရာဘိဝံသသည် မိမိ၏ ရဟန်းဒါယကာ သူဌေးကြီးဆာဦးသွင်၏ ရည်မှန်းချက်ကို ဖြည့်ဆည်းပေးရန် သန္နိဋ္ဌာန်ချ ကြိုးစားခဲ့ရာမှ လေးနှစ်အတွင်း ဂုဏ်ထူးနှင့်တကွအောင်မြင်သည့် တိပိဋကဓရ တိပိဋက ကောဝိဒ သာသနာ့အာဇာနည် အရှင်သူမြတ်တစ်ပါး စတင်ပေါ်ထွန်းခဲ့ပါကြောင်း။

ယင်းသို့ မြန်မာနိုင်ငံ၌ တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့ အာဇာနည်ပုဂ္ဂိုလ် ပေါ်ထွန်းခဲ့သဖြင့်သာ ဆဋ္ဌသံဂါယနာတင်ပွဲကြီးကို ထေရဝါဒနိုင်ငံများအားလုံး ကန့်ကွက်ရန်မရှိ ထောက်ခံကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး ဆဋ္ဌသံဂါယနာပွဲသဘင်တွင် မဟာစည် ဆရာတော်ကြီးက ပုစ္ဆကအဖြစ် မေးတော်မူသမျှကို တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်အရှင်ဝိစိတ္တသာရာ ဘိဝံသက အဖြေဝိဿဇ္ဇကအဖြစ် ဆောင်ရွက်တော်မူခဲ့ ပါကြောင်း။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲဝင် အရှင်မြတ်တို့သည် ရှင်တော်မြတ်ဘုရား၏ တရားဒေသနာတော်တို့ကို နာကြားရရုံမျှမက နှုတ်ထဲတွင် အာဂုံရအောင် ကျက်ဆောင်ထားရခြင်း၊ အဋ္ဌကထာ ဋီကာသဘောတို့ကို သိရှိအောင် လေ့ ကျက် သင်အံ ကြံစည်တွေးတောရခြင်းတို့ကြောင့် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ်များမှာ ဘုန်းကံ ပါရမီထူး ဉာဏ်ပညာအထူးနှင့် ပြည့်စုံတော်မူကြသော အရှင်မြတ်များပင် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး စတင်ကျင်းပခဲ့သည့် ၁၉၄၈-ခုနှစ်မှစ၍ နှစ်ပေါင်း ၆၃-နှစ်ကာလအတွင်း တိပိဋကဓရ တိပိဋက ကောဝိဒသာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူး ၁၂-ပါး ပေါ်ထွန်းခဲ့ပြီး သက်တော် ထင်ရှားရှိသော တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ်များမှာ ၈-ပါးမျှ ရှိနေပါကြောင်း၊ တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးများ ဆက်ကာ ဆက်ကာ ပေါ်ထွန်းလာလတ္တံ့သော အလားအလာကောင်းများကိုလည်း တွေ့မြင်နေရပါကြောင်း။

ယခုနှစ်(၆၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီး၌-

- ပိဋကနှစ်ပုံခွဲအောင် မူလ အဘိဓမ္မကောဝိဒ ၁-ပါး
- ပိဋကနှစ်ပုံခွဲအာဂုံအောင် မူလ အာဘိဓမ္မိက ၄-ပါး
- ပိဋကနှစ်ပုံ ရေးဖြေအောင် ဒီဃနိကာယကောဝိဒ ၂-ပါး
- ပိဋကနှစ်ပုံ အာဂုံအောင် ဒီဃဘာဏက ၂-ပါး
- ပိဋကတစ်ပုံ ရေးဖြေအောင် ဝိနယကောဝိဒ ၆-ပါး
- ပိဋကတစ်ပုံ အာဂုံအောင် ဝိနယဓရ ၁၉-ပါး
- ဝိနယပိဋကရှေ့ပိုင်းရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ ၉-ပါး
- ဝိနယပိဋကရှေ့ပိုင်းအာဂုံအောင် ဥဘတောဝိဘင်္ဂဓရ ၄၁-ပါး

စုစုပေါင်းအာဂုံ ရေးဖြေအောင်မြင်တော်မူကြသော သာသနာ့အာဇာနည် ၈၄ ပါး ပေါ်ထွန်းခဲ့ပါကြောင်း။

ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော ဟူသည်နှင့်အညီ စာအောင်သံဃာတော် အရှင်မြတ် တို့အား ယခုကဲ့သို့ တစုတဝေးတည်း ပူဇော်ခွင့်ရရှိခြင်းမှာ တပည့်တော်တို့ ဒါယကာ၊ ဒါယိကာမများအတွက် အလွန်မွန်မြတ်သည့် ကုသိုလ်မင်္ဂလာတရားများ ဆည်းပူးခွင့် ရရှိခြင်းဖြစ်သည်ဟု မှတ်ယူကြပါကြောင်း၊ သာသနာ့အာဇာနည် အရှင်မြတ်များအား ဆွမ်းအစရှိသော အာမိသာနုဂ္ဂဟဖြင့် လှူဒါန်းထောက်ပံ့ခွင့်ရကြသော နိုင်ငံတော် အစိုးရအမှူးပြုသည့် တပည့်တော်တို့ ဒါယကာ ဒါယိကာမအပေါင်းတို့သည်လည်း "သာသနံ ပုညဝန္တဿ၊ ပုညဝန္တာ ဝလဗ္ဘရေ" ဟူသော ဆရာတော်ကြီးများ၏ ဩဝါဒ ဒေသနာတော်တွင် ပါရှိသည့်အတိုင်း ရေးကပြုဖန် ဘုန်းကံကြီးမြတ်ကြသူများအဖြစ် အရတော်ပါပေစွဟု သဒ္ဓါကဲပို ဝမ်းမြောက်ကြည်ညိုကြရပါကြောင်း။

ယခုကဲ့သို့ တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်ကောင်း အရှင်မြတ်တို့ အဆက်မပြတ် ပေါ်ထွန်းလာစေရန်အတွက် ဆရာတော် သံဃာတော်များက ဓမ္မာနုဂ္ဂဟအားဖြင့် မဆုတ်မနစ် တစ်နှစ်ထက်တစ်နှစ် အားသစ်ကြိုးပမ်းထမ်းဆောင်တော် မူနေကြသကဲ့သို့ တပည့်တော်တို့ ဒါယကာ ဒါယိကာမများအနေဖြင့်လည်း ပရိယတ္တိဝန်ဆောင် ပုဂ္ဂိုလ်ထူးများအား ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်း၍ ချီးကျူးဂုဏ်ပြုပူဇော်ခြင်း ပစ္စယာနုဂ္ဂဟတို့ဖြင့် ကြိုးပမ်းထမ်းဆောင်နေကြမည်ဖြစ်ပါကြောင်း ရိုသေစွာ လျှောက်ထား ရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲအောင် သာသနာ့ အာဇာနည် အရှင်မြတ် များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်ကြရာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဘိဓမ္မာ အရှေ့ပိုင်း သဘောရေးဖြေအောင်မြင်၍ မူလအဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တိပိဋကကျောင်းတော်မှ အရှင်ဝိစိတ္တာလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းက မူလအာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် နှစ်ပါးတို့အား လည်းကောင်း၊ သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က မူလ အာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်နှစ်ပါးတို့အားလည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ဒီဃနိကာယကောဝိဒဘွဲ့တံဆိပ်တော်ရ အရှင်မြတ်နှစ်ပါးနှင့် ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် တစ်ပါးတို့အားလည်းကောင်း၊ သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်တစ်ပါးနှင့် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်နှစ်ပါးတို့အား လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် လေးပါးတို့အား လည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်စိုးက ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်သုံးပါးတို့အား လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်သုံးပါးတို့အား လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးဦးခင်ရီက ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်လေးပါးတို့အား လည်းကောင်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်သုံးပါးတို့အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေက ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်သုံးပါးတို့အား လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် သုံးပါး၊ ဥဘတော ဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်ကိုးပါးနှင့် ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ် တော်ရ အရှင်မြတ် ၄၁ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံမှ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီးတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့က အနုမောဒနာ ရေစက်ချတရားတော်ကို နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှ ပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်မြတ်များအား ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူ ကြသည်။ **(သတင်းစဉ်)**

မိုးရာသီအကြိုနေထိုင်မှုဆိုင်ရာ ကုန်စည်ပြပွဲ FATHER LAND ကုမ္ပဏီပါဝင်ပြသ

ရန်ကုန် မေ ၂၈

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မေ ၂၇ ရက်မှ ၃၀ ရက်နေ့အထိ Monsoon Discount & Lifestyle Fair 2011 ကို ပြသလျက်ရှိရာ FATHER LAND Construction & Decoration Co.,Ltd. လည်းပါဝင်ပြသလျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါ ပြခန်းတွင် Condominium, Room Type, Hall Type နှင့် ရိုးရိုးတိုက်ခန်းများကို လစဉ်ငွေပေးသွင်းခြင်းနှင့် အရစ်ကျငွေပေးသွင်းခြင်းစနစ်အပြင် အခြားငွေပေးချေမှုစနစ်များဖြင့်လည်း ညှိနှိုင်းရောင်းချပေးလျက်ရှိပြီး အရောင်းမြှင့်တင်ရေးကာလအတွင်း Decoration လုပ်ငန်းများ၊ Renovation လုပ်ငန်းများ၊ Wallpaper ဝါးပါကေး၊ Ready Made ပါကေးများကိုလည်း အထူးလျှော့ဈေးများဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဆက်သွယ်နိုင်

FATHER LAND Construction & Decoration Co., Ltd. နှင့် ဆက်သွယ်လိုပါက ရုံးချုပ်အမှတ် (၂၁၉/၂၂၁) ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၅၅၁၁၀၀၀၊ ၀၉-၅၀၆၇၄၇၄ ရုံးခွဲအမှတ် (၁၄၁/၁၄၃) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၇၆၄၉၊ ၀၁-၂၉၄၁၅၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

KMD Computer Centre
Enroll Now!
LCCI Computerised Accounting(MYOB) Duration : 60 Hours
Exam ... Old Question ...
LCCI (UK) ... Certificate ...
Tel:381035/397944/241951/384268/527436/524400/541328/660887

အလယ်ပိုင်းဒေသများ ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်မည်

နေပြည်တော် မေ ၂၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မေလ ၂၉ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၅ -၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချို့အေးမင်္ဂလာတေး
၈:၀၀ ၆။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
၈:၁၀ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၂၅ ၈။ တေးဂီတအစီအစဉ်
၈:၄၀ ၉။ **International News**
၈:၄၅ ၁၀။ အတီးပြိုင်ပွဲ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၁:၃၀ ၄။ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၄၆)
၁၂:၄၀ ၆။ **Golf Magazine (TV)**
၁၃:၀၀ ၇။ မြန်မာဗီဒီယိုဇာတ်လမ်း **အချစ်ဒဏ်** လူမင်း၊ ဧယျ အိန္ဒြာကျော်ဇင်၊ပြည့်ဖူးခိုင် (ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)

ညပိုင်း

၃:၄၅ ၁။ **Myanmar National League MNL Grand Royal Cup (2011)** ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (**Southern Myanmar** အသင်းနှင့် ကမ္ဘောဇအသင်း)
၅:၄၅ ၂။ တေးဂီတအစီအစဉ်
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၁၅ ၄။ မိုးလေဝသအခြေအနေ
၆:၂၀ ၅။ ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း** (အပိုင်း-၂၀)
၆:၄၀ ၆။ တစ်မျက်နှာ၊တစ်ကွက်စာ **အလွဲနေ့** မင်းသူ၊ နန်းဆုရတီစိုး (ဒါရိုက်တာ-မေတင်(MMG))
၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၁၄)
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** ဒုတိယတွဲ (အပိုင်း-၁၈)
၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုပ်ထွေးဆန်းကြယ်** (အပိုင်း-၁၀)
၁၃။ အစီအစဉ်ပြီး၏။

ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်နှင့် ဘုရားကုန်းဟောင်းများအား ပြန်လည်တူးဖော်ထိန်းသိမ်းရန် လှူဒါန်းနိုင်

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးကြပ်၍ ပုဂံဒေသရှိ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင် မွမ်းမံလျက်ရှိပါသည်။

ဘုရားစေတီတစ်ဆူချင်းပြုပြင်ရန် (၁၂၃)ဆူ ကျန်ရှိပြီး တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းလှူဒါန်းမှုဖြင့်ဖြစ်စေ စေတနာရှင်များက လှူဒါန်းလျက်ရှိသည့်နည်းတူ နဝကမ္မအလှူငွေများကိုလည်း လက်ခံ၍ စုပေါင်းအလှူငွေဖြင့် ပြုပြင်ပေးလျက်ရှိပါသည်။

ပုဂံဒေသရှိ အချို့ဘုရားပုထိုးများမှာ ယိုယွင်းပြိုကျမြေပျက်စီးခဲ့ရာ မြေကုန်းကြီးများသဖွယ် တည်ရှိနေသည့် အုတ်ကုန်းပေါင်း (၈၉၂)ကုန်းကိုလည်း ပြန်လည်တူးဖော်ပြီး ပုဂံဘုရားများပုံစံအတိုင်း ရှေးမူမပျက် ပြုပြင်တည်ထားလျက်ရှိပါသည်။

သို့ပါ၍ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများ ပြုပြင်ရန်အတွက်လည်းကောင်း၊ ဘုရားကုန်းဟောင်းများ တူးဖော်ပြုပြင်ထိန်းသိမ်းရန်အတွက်လည်းကောင်း ပါဝင်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

လှူဒါန်းနိုင်သည့် နေရာဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၂၁၄
၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ရုံးအမှတ်(၃၅)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇
၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ ၃၂-ဒီ၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇
၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ပုဂံမြို့ ဖုန်း-၀၆၁-၆၀၂၆၉
၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ မန္တလေးမြို့ ဖုန်း-၀၂-၇၆၁၅၂

ဆရာဦးအောင်ဝင်း (ရွှေတံဆိပ်ဆုရှင်-လန်ဒန်)အတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း
LCCI ... Excellent Centre Award ...
မြန်မာနိုင်ငံတွင် LCCI ...
...
LCCI ... Develop ...
LCCI (U.K) အဖွဲ့အစည်းမှ ချီးမြှင့်သော
“Fellowship Award”
...
တပည့်ဆရာမများ

အမည်ပြောင်း

ဦးတဲ့ရှိန်၏သမီး ဇန်းမော်မြို့ အလက-၃၊ အင္ဂမတန်း(A)မှ မဖုန် ဖန်စွန်အား ယနေ့မှစ၍ မမေသက်ဖွန် ဟု ပြောင်းလဲခေါ်ပါရန်။

မမေသက်ဖွန်။

အမည်ပြောင်း

ဦးသိန်းဇော်ဦး၏သား ဇန်းမော်မြို့ အထက-၃၊ စတုတ္ထတန်း(က)မှ မောင်အောင်ကျော်မိုးအား ယနေ့မှစ၍ မောင်ကောင်းဉာဏ်လင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းဉာဏ်လင်း။

မိဘအမည်မှန်

မိုးကောင်းမြို့ အထက-၁၊ တက္ကသိုလ်ဝင်တန်းမှ မယဉ်မင်းအေး၊ သတ္တမတန်းမှ မအိမ့်မှူးဇော်တို့၏ မိဘအမည်မှန်မှာ ဦးနေထွန်းဇော်၊ ဒေါ်နန်းလှလှဌေး(ခ) ဝင်းဝါအောင် ဖြစ်ပါသည်။

အမည်မှန်

ဦးလဗျယောဟန်၏ သမီး ဟိုပင်မြို့ အလက(စက်ကုန်း) အင္ဂမတန်း(B)မှ မဟဲလင်း၏ အမည်မှန်မှာ မဟယ်လင် ဖြစ်ပါသည်။

အမည်ပြောင်း

ဦးဖွန်ဟာရဲ၏သမီး မြစ်ကြီးနားမြို့၊ ပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်း ပဥ္စမတန်းမှ မရှန်းဇမွေးအား မအိဖြူဖြူသန့်ဟု ပြောင်းလဲခေါ်ပါရန်။**မအိဖြူဖြူသန့်။**

ဖခင်အမည်မှန်

မိုးကောင်းမြို့၊ ကျွန်းတော (အလက)၊ ဒုတိယတန်းမှ မမြနန်းဖြူခင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းထွန်းရွှေ ၁/မကန(နိုင်)၀၃၈၅၂၁ ဖြစ်ပါသည်။

ပုပ္ပါးဦး-သစ်မွှေးရိုက်စခင်းနှင့်မျိုးဥယျာဉ် တရုတ်ပြည်နယ်သိသစ်မွှေး (Northern Agarwood)

1ပေ = 900ကျပ်၊ 1½ ပေ = 1200ကျပ်၊ 2ပေ = 1400ကျပ်

500 ...

(2012 ...

7000ကျပ် ... 10 ပေ၊ 15 ပေ ...

... (Group)

ဆိုင်ဖောင်စတော်ချိန် ၀၉-၅၀၂၈၈၉၀၊ ၀၉-၅၉၄၅၀၀၅၆

ပရိယတ်လာဥပမာများ

B.Sc (Hons) : Grad Dip (N.S.W)

အမျိုးသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းကြည် ၁၂/သကတ(နိုင်)၁၁၀၀၃၄ ၏ ခင်ပွန်း ဦးဝေဇင်(ခ) လှမျိုး ၁၂/သကတ(နိုင်)၁၀၉၅၄၇သည် ကျွန်မဆေးရုံတက်နေစဉ် ကျွန်မ၏မောင် ဦးဝင်းခိုင် ပိုင်ဆိုင်သော ရွှေထည်ပစ္စည်းများကို ကျွန်မမှခင်ပွန်း ဦးဝေဇင်ထံသို့ယုံကြည်စိတ်ချစွာဖြင့် အပ်နှံခဲ့ခြင်းအပေါ် အလွဲသုံးစားပြုလုပ်၍ တိမ်းရှောင်သွားပါသဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အမျိုးသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းကြည်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ချယ်ရီလှိုင်(၂၆၀၉၅)၊ ဦးခင်စိုး(၁၈၄၃၂)၊ ဒေါ်တင်တင်လှ(၂၃၉၉၇)

အထက်တန်းရှေ့နေများ

ရုံးခန်းအမှတ် ၄၊ သုမနလမ်းမကြီး၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၁၅၉၆၀။

ကုန်တံဆိပ်အမှတ်အသားကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းကြော်ငြာချက်နှင့် တုပသုံးစွဲခြင်းမပြုရန် သတိပေးတားမြစ်ချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်အမှတ် ၃၀၆၊ အခန်း ၁၂ နေ ဒေါ်မေမေထား ၁၂/ရကန(နိုင်)၀၇၂၅၅၂က အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို မိမိတို့တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းထားခဲ့ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ဆေးဝိဇ္ဇာကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် သွေးတိုးကျဆေးအမှုန့်ကို ဘူးများဖြင့်ထုတ်လုပ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများမှဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်၍ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပမှိုင်းမ်းသုံးစွဲခြင်းများပြုလုပ်သုံးစွဲအသုံးပြုနေပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ငြိမ်းချမ်း LL.B(စဉ်-၂၃၂၄၆)

အမှတ် ၉၊ ရတနာလမ်း၊ ကျောက်ကုန်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။ ဖုန်း-၀၉-၄၉၂၆၅၉၆၀။

အမည်ပြောင်း

ဦးစိုင်းမတ်၏သမီး ကျိုင်းတုံမြို့ အထက-၄ အင္ဂမတန်း(C)မှ မနန်းမြင့်နွယ် ၁၃/ကတန (နိုင်)၁၄၀၄၇၁ အား နန်းအမ်းတစ်ဟု ပြောင်းလဲခေါ်ပါရန်။

နန်းအမ်းတစ်။

ဖခင်အမည်မှန်

မရမ်းကုန်းမြို့နယ်၊အထက-၂ သတ္တမတန်း(A)မှ မောင်သုတအောင်၏ ဖခင်အမည်မှန်မှာ ဦးညီနိုင် ၁၂/ကခက(နိုင်)၀၃၈၀၇၂ ဖြစ်ပါသည်။

အမည်ပြောင်း

ဦးစိုင်းတိုးတိုးဟတ် ၂/လကန(နိုင်) ၀၀၁၁၇၃၏သမီး အထက-၁၊ လွိုင်ကော် သတ္တမတန်းမှ နော်လေးလေးဝါးအား နန်းယွန်းရွှေရည်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **နန်းယွန်းရွှေရည်အောင်။**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ် မြယမုံအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေးမြောက်၊ မြေကွက်အမှတ် (၄၅/B)၊ ဧရိယာ ၀ ဒသမ ၀၅၄ ဧကအကျယ်အဝန်းရှိ နှစ် ၆၀ မြေငှားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး/မြောက်ရပ်ကွက်၊ မြယမုံ ၁လမ်း၊ အမှတ် ၆ ဟုခေါ်တွင်သည့် အဆောက်အအုံနှင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးတင်အောင်မြင့် ၁၂/အစန(နိုင်)၀၇၉၇၅၅ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေက ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမျိုးညွန့်(၅၁၄၂) ဦးအောင်နိုင်ဝင်း(၂၃၆၈၄) ဒေါ်တင်တင်ခိုင်(၂၂၇၉၅)

LL.B, D.B.L LL.B, D.I.L LL.B, D.B.L, D.M.L,D.I.L

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ

စိုင်းခွန်နောင် (အိမ်၊ ခြံ၊ မြေ)နှင့် ဥပဒေအကြံပေးလုပ်ငန်း

အမှတ် ၁၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၄၁၅၀၁၊ ၅၅၁၁၉၇၊ ၄၀၀၇၈၁၊ ၀၉-၇၃၁၀၄၂၀၀၊ ၀၉-၅၁၇၇၉၅၃၊ ၀၉-၇၃၀၂၉၆၉၆။

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် ၆၆၊ မြေကွက်တည်နေရာအမှတ် ၁၁၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံ ဦးထွန်းအောင်(ခ)လျှိုဟန်ပင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းအောင်(ခ)လျှိုဟန်ပင် ကွယ်လွန်သဖြင့် ဒေါ်ကျင်ရွှေ ၁၂/မဂတ(နိုင်)၀၅၈၄၀၁ က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၈စ/၂၁၅၀၏ အခွန်စာရွက်(အပြာ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၃၄၇၇၁။

သင့်သွေးဖြင့် အသက်ကယ်ပါ

ငါးသယံဇာတထိန်းသိမ်းရေး ဟောပြောပွဲ ကျင်းပ

မြောင်းမြ မေ ၂၇

ငါးသယံဇာတ ထိန်းသိမ်းရေး ဟောပြောပွဲကို မေ ၂၀ ရက်က မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဟောပြော

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမင်းနောင်က မြောင်းမြမြို့နယ်အတွင်းရှိ ငါး၊ ပုစွန်၊ ငါးရှဉ့်အဝယ်ဒိုင်များ၊ အင်း၊ တင်ဒါချက်လုပ်ငန်းရှင်များ၊ငါးပိ၊ငါးခြောက်၊ ငံပြာရည်ပွဲရုံ လုပ်ငန်းရှင်များ၊ ရေလုပ်သားများအား ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် အရေးကြီးသော ပိုက်ကွက်၊ ပိုက်အိတ်များ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရန် ငါးရစ်၊ ငါးသန်ကာလအတွင်း ငါး၊ ပုစွန် မဖမ်းဆီးရေး၊ တားမြစ်ထားသော ငါးဖမ်းနည်းများ ဖြစ်သည့် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းခြင်း၊ ဓာတုဆေးဝါး၊ ပိုးသတ်ဆေးများ အသုံးပြု၍ အဆိပ်ချ ငါးဖမ်းဆီးခြင်း မပြုလုပ်ရန် စသည်ဖြင့် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။

(အောက်ဝဲပုံ)

(ခရိုင်ငါးလုပ်ငန်းဦးစီးဌာန)

ကိုယ့်အားကိုယ်ကိုး လမ်းသစ်ဖွင့်

ကြို့ပင်ကောက် မေ ၂၇

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ စေတီကုန်းကျေးရွာအုပ်စု လယ်တီကျေးရွာတွင် လယ်တီ-တောင်စိုးကွင်း ကိုယ့်အားကိုယ်ကိုးလမ်းသစ်ဖွင့်ပွဲကို မေ ၂၃ ရက် နံနက် ၈ နာရီက ကျင်းပရာ ရှေးဦးစွာ ကျေးရွာအုပ်စုလမ်းကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းက ဂဝံလမ်းသစ်ဖောက်လုပ်ခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် လယ်တီ-တောင်စိုးကွင်း ကိုယ့်အားကိုယ်ကိုးလမ်းကို စေတီကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကြည်ဝင်းနှင့် လမ်းကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ဝက်ရောဂါများအကြောင်း ရွှေကျင်၌ ဟောပြော

ရွှေကျင် မေ ၂၇

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝက်များတွင် ဖြစ်ပွားသောရောဂါများနှင့်ပတ်သက်၍ ပညာပေးဟောပြောပွဲကို မေ ၁၆ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးက အမှာစကားပြောကြားပြီး ပဲခူးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်တင်တင်ဝေက ဝက်များတွင် ဖြစ်ပွားတတ်သော ဝက်နားရွက်ပြာရောဂါအကြောင်း ဆွေးနွေးဟောပြောသည်။

ဖြန့်ဝေ

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သိလိုသည်များကို ပြန်လည်ဆွေးနွေးပြီးနောက် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကွန်ကရစ်လမ်း

အိမ်မဲ မြို့မဈေးကြီးတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးသူ ဈေးသား များ ပူးပေါင်း၍ ကွန်ကရစ်လမ်း ခင်းခြင်းကို မေ ၉ ရက်က အမှုဆောင်အရာရှိ ဦးကျော်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကြီးကြပ်ဆောင်ရွက်

ပုလောမြို့ မြို့အဝင်ဆိုင်းဘုတ်နှင့် ပတ်ဝန်းကျင်တွင် ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းကို မေ ၆ ရက်က အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဇော်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ် ၄/၂၀၁၁
၁၃၇၃ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်
(၂၀၁၁ခုနှစ် မေ ၂၃ ရက်)

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာများတင်သွင်းနိုင်ပါသည်-

ရာထူး	လစ်လပ်	ပညာအရည်အချင်း
စာတည်း(အမျိုးသား)	၁နေရာ	မဟာဝိဇ္ဇာဘွဲ့(M.A) (သို့မဟုတ်)
(အမျိုးသမီး)	၂နေရာ	မဟာသိပ္ပံဘွဲ့(M.Sc)

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀-၆-၂၀၁၁ရက်တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက်၄၀)ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံ သန်စွမ်းမှုရှိသူဖြစ်ရမည်။

၃။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် ၁၇၊ နေပြည်တော်သို့ ၂၀-၆-၂၀၁၁ ရက်အရောက်ပေးပို့ရမည်။ လျှောက်လွှာပေးပို့ရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အမြန်အချောပို့(သို့မဟုတ်)မှတ်ပုံတင်စာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။

၄။ လျှောက်လွှာတွင်ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေကျပ် ၅၀၀၊ ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၁-၄-၂၀၁၁ရက်စွဲပါ စာအမှတ် ၁/ရွေးချယ်ရေး(အဓိက)/၂၀၁၁ဖြင့် ထုတ်ပြန်ထားသော ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် ၁၇၊ နေပြည်တော်သို့ ၂၀-၆-၂၀၁၁ရက်အရောက်ပေးပို့ရမည်။ လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ဤအဖွဲ့ရုံး နေပြည်တော်သို့ တိုက်ရိုက်ပေးပို့ရမည်။

၆။ ရေးဖြေစာမေးပွဲကို နေပြည်တော်တွင်ကျင်းပမည်။

၇။ ၂၃-၇-၂၀၁၁ရက်နှင့် ၂၄-၇-၂၀၁၁ ရက်များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၂၁-၇-၂၀၁၁ရက်မှစ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် ၁၇ နေပြည်တော်တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ ကြော်ငြာပါရာထူးတွင် တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန၏ သီးခြားစည်းကမ်းချက်များရှိပါသဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၂၀၅နှင့် ၀၆၇-၄၁၂၂၀၃တို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ် ၁၇ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၀၅၂ နှင့် ၀၆၇-၄၀၉၄၃၀တို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

၁၀။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန်နှင့် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www. ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

ဖခင်အမည်မှန်

မရမ်းကုန်းမြို့နယ်၊ အမှတ်-၁ အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်း(ခ) (အောင်)မှ မဇင်မိုးသူနှင့် စတုတ္ထတန်းမှ မောင်သက်ထူးလွင်တို့၏ဖခင်အမည်မှန်မှာ ဦးကျော်ထူးဖြစ်ပါသည်။

ဦးကျော်ထူး ၉/ညဥန(နိုင်)၁၁၆၁၅၂။

အသင်းရုံးခန်း ပြောင်းရွှေ့ဖွင့်လှစ်ထားရှိကြောင်း အသိပေးအပ်ခြင်း

ရန်ကုန်မြို့၊ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး အသင်းရုံးအား ၄-၂-၂၀၁၁ ရက်မှစ၍ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၊ အမှတ် ၁၃၂ ရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ မျက်မမြင်ကျောင်းသို့ ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်းရုံးနှင့်အတူ ပြောင်းရွှေ့ဖွင့်လှစ်ထားရှိကြောင်း စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးများ၊ မူးယစ်ဆေးဝါးဖြတ်ရန်နှင့် ပြန်လည်ထူထောင်မှုခံယူလိုသူများ သိရှိဆက်သွယ်နိုင်ရန် အသိပေးအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၇၀၈၆၀။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ လူနေရပ်ကွက်အမှတ် (ရွှေသံလွင်)၊ စက်မှုဇုန်မြေကွက်အမှတ် ၅၊ ဧရိယာ ၁ ဒသမ ၃၇ ဧကရှိ ပါမစ်မြေကွက် သက်သက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးမောင်မောင်ချိန် ၁၂/အစန(နိုင်)၀၅၄၉၄၅ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့် တကွ ကျွန်ုပ်တို့ထံ နို့တစ်စာထုတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းထွန်း(စဥ်-၃၆၁၉)	**ဒေါ်ခင်အေးမြင့်(စဥ်-၇၁၅၈)**
H.G.P, LL.B, LL.M	**LL.B, LL.M**
Diploma in Business Law	**Diploma in Business Law**
Advocate	**Advocate**

အမှတ်(G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၄၅၃၇၊ ၃၉၄၇၂၅၊ ၃၇၉၈၁၂၊ ၃၉၄၀၈၀၊ ၀၉-၈၀၃၂၅၈၂၊ ၀၉-၅၁၈၃၁၅၃။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေ ကျွန်တော်-ကျွန်မတို့၏သား မောင်ပြေသာနိုင် ၁၂/ဗဟန(နိုင်)၀၈၇၈၂၁ သည် မိဘများ၏ ဆိုဆုံးမမှုများကို လုံးဝလိုက်နာခြင်းမရှိသဖြင့် ၎င်းအား သားအဖြစ်မှလည်းကောင်း၊ အမွေစားအမွေခံအဖြစ်မှ လည်းကောင်း လုံးဝစွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စများကိုမှ လုံးဝ(လုံးဝ) တာဝန်မယူတော့ကြောင်း ကြေညာအပ်ပါသည်။

ဦးမင်းနိုင်-ဒေါ်မြင့်မြင့်လှိုင်။

ဒေါ်မြင့်မြင့်စိန်

- **B.Econ (stats), D.A (LCCI, UK) CAT (UK), ACCA (Part II)**
- **LCCI Level I, II & III သင်တန်းများ**
- **ဇွန် ၁၆ ရက်စမည်။ သင်တန်းအပ်လက်ခံပြီ။**

အမှတ် ၁၁၈၊ ငါးလွှာ(ဘယ်)၊ ၁၅ လမ်း (လယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၅၈၈၁၊ ၀၉-၅၁၅၈၃၂၀။



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ် ရွှေပေါက်ကံစက်မှု၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈၊ မြေကွက်အမှတ် ၆၁၊ အလျား ပေ၁၀၀× အနံ၁၁၃ပေ၊ ဧရိယာ ၀ ဒသမ ၂၅၉ ဧကရှိ နှစ် ၆၀ ဂရန်မြေအမျိုးအစား မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအား အမည်ပေါက်ပိုင်ရှင် ဦးမျိုးရွှေ ၁၂/ဒလန(နိုင်)၀၃၀၆၈၀+၁ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက စာချုပ်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်တင်ဝင်းမြင့်(LL.B) တရားလွှတ်တော်ရှေ့နေ(စဥ်-၄၉၄၂)
တိုက် ၄၊ အခန်း ၁၀၂၊ မင်္ဂလာဆင်မင်းအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၂၀၈၅၈။

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ဈေးရပ်ကွက် ၄လမ်းနှင့် ၇လမ်းထောင့်ရှိ ကွင်းအမှတ် ၂(ခ)၊ ဦးပိုင်အမှတ် ၉၀၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၉၉ ဧကရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော မြေညီခန်းခြောက်ခန်း၊ နှစ်ထပ်ခန်းသုံးခန်းပါဝင်သည့် အဆောက်အအုံမှ နှစ်ထပ်ခန်းသုံးခန်း၏ အရှေ့ဘက်တွင် ကပ်လျက်ရှိသော မြေညီတိုက်ခန်း နှစ်ခန်းနှင့်အောက်ခံမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော ပိုင်ဆိုင်သူများထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဖြူးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းတည်ရှိရာမြေကွက်အတွက် မူလအနှစ် ၃၀ ဂရန်မှ ထုတ်နုတ်ခွဲထွက်၍ ဝယ်ယူသူများအမည်ဖြင့် ဂရန်ခွဲကိုသက်ဆိုင်ရာသို့ လျှောက်ထားရယူမည်ဖြစ်ရာ ကန့်ကွက်လိုသူများက ဖြူးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၇၂/၀၉နှင့် ၄၅/၁၀ တို့အား လွှမ်းမိုးနိုင်သော ခိုင်လုံသည့် စာရွက်စာတမ်းများဖြင့် သုံးရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မည်သည့်ကန့်ကွက်ချက်ကိုမှ လက်ခံစဉ်းစားတော့မည်မဟုတ်ဘဲ ဥပဒေနှင့်အညီ ဂရန်ခွဲရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အတိအလင်းလွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိစာမွန်(LL.B)	**ဦးယုနီယံပြည့်ဖြိုးအောင်(LL.B)**
အထက်တန်းရှေ့နေ(စဥ်-၃၄၆၆၄)	**အထက်တန်းရှေ့နေ(စဥ်-၂၈၃၂၃)**
အမှတ်(၈/၂၈)၊ ရွာမ ၂လမ်း၊	**အမှတ်(၈/၂၈)၊ ရွာမ ၂လမ်း**
ညောင်ပင်သာ၊ ဖြူးမြို့နယ်။	**ညောင်ပင်သာ၊ ဖြူးမြို့နယ်။**

ဖုန်း-၀၉-၄၉၄၅၂၆၆၅။

အမည်ပြောင်း

ဦးသက်နိုင်၏ သမီး ပဲခူးမြို့ အထက-၃၊ နဝမတန်းမှ မစုမြတ်နိုးအား မဆုမြတ်နိုးဟု ပြောင်းလဲခေါ်ပါရန်။ **မဆုမြတ်နိုး။**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်ထွန်းမင်းသိန်းသည် မိဘများအား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဖခင်-ဦးလှသိန်း ၁၂/ဥကတ(နိုင်)၀၂၈၂၇၈။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လှည်းကူးမြို့နယ်၊ ဝါးနက်ကုန်းစံပြကျေးရွာ (ရွာမ)နေ ဦးအောင်ကြည် ၁၂/လကန(နိုင်)၀၄၈၄၆၆ - ဒေါ်ခင်အေး ၁၂/လကန (နိုင်)၀၄၇၆၈၀ တို့၏ သမီးမလွင်လွင်ဆွေ ၁၂/လကန(နိုင်) ၀၄၇၂၄၄သည် မိဘများကို အကြိမ်ကြိမ် စိတ်ဆင်းရဲ သောကရောက်အောင်ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။

ဦးအောင်ကြည်-ဒေါ်ခင်အေး။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားခြင်းအတွက် ကန့်ကွက်လိုပါက အထောက်အထား၊ စာရွက်စာတမ်းများဖြင့် ၁၅ ရက်အတွင်း သက်ဆိုင်ရာရုံးတွင် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မှတ်ပုံတင်စာအုပ်မိတ္တူအား ထုတ်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	ယာဉ်အမှတ်	အမျိုးအမည်	အမျိုးအစား	ယာဉ်လက်ဝယ်ရှိသူအမည်	မှတ်ပုံတင်အမှတ်	နေရပ်လိပ်စာ	မှတ်ပုံတင်ရုံး
၁	မတလ/၂၃၄၁၅	ဟိုင်းဘတ်	ဆိုင်ကယ်	ဒေါ်ခင်မျိုးအေး	၉/မနမ(နိုင်)၁၁၂၇၃၂	ကွက်၁၄၀၊၁၇×၁၈ကြား၊အောင်မြေသာစံမြို့နယ်။	ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)
၂	မတလ/၄၈၆၉	ဂျာလင်း	ဆိုင်ကယ်	ဦးဖြိုးကိုကို	၉/ခအဇ(နိုင်)၀၁၅၇၄၆	ကွက်၇၃၇၊၇၁×၇၂ကြား၊၂၀×၂၉ကြား၊ချမ်းအေးသာစံမြို့နယ်။	ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)
၃	မတလ/၃၂၆၁၆၄	ဂျူနီယာဟိုရိုက်	ဆိုင်ကယ်	ဦးဇော်ရဲ	၉/မတမ(နိုင်)၀၁၆၀၃၂	ကွက်၅၄၃၊ရတနာသုမ္ဘိရပ်၊မဟာအောင်မြေမြို့နယ်။	ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)
၄	ယ/၉၆၆၀၀	ဟွန်ဒါဝီ ၉၀	ဆိုင်ကယ်	ဦးဝင်းရွှေ	၉/ပမန(နိုင်)၀၁၄၅၄၁	ယ/၆၊၁၆၁၊အောင်မင်္ဂလာ၂လမ်း၊ရန်အောင်(၁)၊ပျဉ်းမနားမြို့နယ်။	ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)
၅	၁ယ/၄၇၀၄၉	ဟွန်ဒါဒရင်း	ဆိုင်ကယ်	ဦးခင်မောင်သိန်း	၅/စကန(နိုင်)၀၁၀၃၈၁	ဧမြဝတီ၊နယ်မြေ(၈)၊စစ်ကိုင်းမြို့။	ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)
၆	၁၈ယ/၅၃၃၃၉	ဟွန်ဒါကလစ်	ဆိုင်ကယ်	ဒေါ်မီမီထွန်း	၁/မညန(နိုင်)၀၇၆၀၃၆	လမ်း၃၀၊၇၃×၇၄ကြား၊ချမ်းအေးသာစံမြို့နယ်။	ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)
၇	၄ယ/၇၈၇၈၁	ကင်ဘိုဒရင်း	ဆိုင်ကယ်	ဦးခိုင်မင်းလတ်	MGN -၂၀၆၃၅၅	အမှတ်(၅)ရပ်ကွက်၊မြင်းခြံမြို့။	ခရိုင်ရုံး (မြင်းခြံ)
၈	၁၉ယ/၆၄၃၆၁	ဟောက် ၁၁၀	ဆိုင်ကယ်	ဒေါ်အေးအေးချို	MGN -၁၈၇၃၇၅	၁၆ရပ်ကွက်၊မြင်းခြံမြို့။	ခရိုင်ရုံး (မြင်းခြံ)
၉	၂ခ/၅၈၂၃	ဟီးနိုးရိမ်းဘိုး	ဘတ်စ်	ဒေါ်ဝင်းမေ	၉/ညဥန(နိုင်)၀၂၇၂၃၉	ခန်းလတ်ရပ်၊ညောင်ဦးမြို့။	ခရိုင်ရုံး (မြင်းခြံ)
၁၀	ကတ/၉၀၂၅	ဟွန်ဒါဒရင်း	ဆိုင်ကယ်	ဦးဘငွေး	၇/ဖမန(နိုင်)၀၀၂၀၆၇	နမ့်ခင်နွဲ့(၁)ရပ်ကွက်-၄၊ ကျိုင်းတုံမြို့။	ပြည်နယ်ရုံး (ကျိုင်းတုံ)
၁၁	ကတ/၃၅၉၂၆	ဟွန်ဒါဝေဗ့်	ဆိုင်ကယ်	ဦးကျထီး	၁၃/မဆန(နိုင်)၀၀၂၅၇၉	နဘော်မိုင်၊ မိုင်းနှင်းအုပ်စု၊မိုင်းခုတ်မြို့နယ်ခွဲ၊မိုင်းဆတ်မြို့။	ပြည်နယ်ရုံး (ကျိုင်းတုံ)
၁၂	၄က/၉၃၆၅	တိုယိုတာကိုရိုလာ	စတေရှင်ဝက်ဂွန်	ဦးစိုင်းမျိုးဆွေ	၅/မရန(နိုင်)၀၃၂၀၀၈	မဟာလယ်တီလမ်း၊လယ်တီရပ်၊မုံရွာမြို့။	ပြည်နယ်ရုံး (တောင်ကြီး)
၁၃	သ/၆၀၇၆	တိုယိုတာကိုရိုလာ	ဆလွန်း	ဒေါ်စိုးစိုးကြည်	၁၂/အလန(နိုင်)၀၄၀၈၄၂	၃၄၊ ဦးလူကလေးလမ်း၊စောရှေ့ရပ်ကွက်၊အလုံမြို့နယ်။	ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)
၁၄	၁ယ/၇၅၀၂၂	ဟွန်ဒါဝီ ၉၀	ဆိုင်ကယ်	အထူးစုံစမ်းစစ်ဆေးရေး	ဦးစီးဌာန	အထက(၁)လမ်း၊မကွေးမြို့။	တိုင်းဒေသကြီးရုံး (မကွေး)
၁၅	၁ခ/၂၆၂၆၃	ဟွန်ဒါဒရင်း	ဆိုင်ကယ်	ဦးမြင့်ဆွေ	၇/တငန(နိုင်)၀၃၈၅၀၆	အောင်မင်္ဂလာလမ်း၊၂ရပ်ကွက်၊တောင်ငူမြို့။	ခရိုင်ရုံး (တောင်ငူ)
၁၆	လရ/၉၇၂၅	ကန်ဘို ၁၁၀	ဆိုင်ကယ်	ဒေါ်ကြူကြူသိန်း	၁၃/လရန(နိုင်)၀၃၀၂၉၅	၁၄/၁၈၊ မြကန်သာလမ်း၊၈ရပ်ကွက်၊နယ်မြေ၁၄၊လားရှိုးမြို့။	ပြည်နယ်ရုံး (လားရှိုး)
၁၇	လရ/၅၄၄၈၈	လော်ဂျား	ဆိုင်ကယ်	ဒေါ်အေးမြ	၁၃/လရန(နိုင်)၀၂၉၈၀၁	ရပ်ကွက်၈၊နယ်မြေ(၁၀)၊လားရှိုးမြို့။	ပြည်နယ်ရုံး (လားရှိုး)
၁၈	ယ/၅၈၆၇၄	ဟွန်ဒါဝီ ၉၀	ဆိုင်ကယ်	ဦးဖိုးချွန်	၅/ဝလန(နိုင်)၀၆၉၅၅၆	ကမ္ဘဝတီရပ်ကွက်၊ရတနာပုံရပ်၊ကွက်၄၉၊ချမ်းမြသာစည်မြို့နယ်။	ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
၁၉	၁၇ယ/၇၁၅၆၃	နယူးအန်ဘို ၁၂၅	ဆိုင်ကယ်	ဦးဇော်ဦး	၉/မဟမ(နိုင်)၀၁၈၅၅၄	ကွက်၃၂၄၊ စိန်ပန်းရပ်၊မဟာအောင်မြေမြို့နယ်။	ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
၂၀	၁ဟ/၃၁၆၄	လီဖန်း ၁၅၀	သုံးဘီး	ဦးအောင်အောင်	၁/မကန(နိုင်)၁၇၀၅၃၇	၉၈၃၊ ပမ္မတီး၊ မြစ်ကြီးနားမြို့။	ပြည်နယ်ရုံး (မြစ်ကြီးနား)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး တရုတ်နိုင်ငံမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၂၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ညနေ ၄ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊

စာမျက်နှာ ၆ ကော်လံ ၅ ✻

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်တို့ နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)